# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၇၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုလှုပ်ရှားမှု “ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကျင်းပစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုလှုပ်ရှားမှု “ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁

“ယဉ်ကျေးဝေဆာမေမြန်မာ၊ မျိုးဂုဏ်မပျက်ဝတ်ဆင်လျက်” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁*❑

## ယနေ့ ဖတ်စရာ


ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ထွန်းကားပြန့်ပွားရေး (၅) — ဆောင်းပါး — စာ ၆

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ထိုက်ထိုက်တန်တန်အောင်မြင်မှုရရှိရေးဆီသို့ ... — ဆောင်းပါး — စာ ၁၆

ဂျပန်နိုင်ငံ၌ ၁၉၉၈ ခုနှစ်နောက်ပိုင်း ဇွန်လမှာ အပူဆုံးလအဖြစ် မှတ်တမ်းဝင် — နိုင်ငံတကာသတင်း — စာ ၁၇

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့အား ဂုဏ်ပြုပန်းစည်းချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် ပါဝင်ဖျော်ဖြေတင်ဆက်ကြသည့်အနုပညာရှင်များအား ဂုဏ်ပြုပန်းစည်းချီးမြှင့်စဉ်။

❑ *ရွှေဖုံးမှ*

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အဆိုပါဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမျိုးသမီးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

အခမ်းအနားတွင် "မြန်မာအမျိုးသမီးများနေ့" တေးသီချင်း၊ "ဗမာမလေးပါရှင်" "အင်အားသစ်များနှင့်အတူ" တေးသီချင်းများနှင့် သုံးရာသီချစ်သူ တေးသီချင်းများ၊ "နွေဂိမာန်အလှမေမြတ်ဝါဆိုက"၊ "ယုံးယုံးလက်ရာဝဿန်ခါ" နှင့် "ဟေမာန်ဆောင်းအသွင်ပိုးမင်းကြီးအဆင်" ခေါင်းစဉ်တို့ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများ ဝတ်စားဆင်ယင်ပြသမှု၊ တစ်ခန်းရပ်ပြဇာတ်များ တင်ဆက်မှု၊ "ကမ္ဘာတည်သရွေ့" တေးသီချင်းနှင့် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးတို့က ဂုဏ်ပြုပန်းစည်းများ ချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ကလည်းကောင်း၊ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ဂီတဖျော်ဖြေပွဲကို စီစဉ်တင်ဆက်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒါရိုက်တာဒေါ်မြတ်မြတ်ဦးနှင့် ပါဝင်ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များကိုယ်စား အကယ်ဒမီများရှင် ရန်အောင်နှင့် စိုးမြတ်သူဇာတို့ကလည်းကောင်း လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ တာဝန်ရှိသူများက အနုပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေ အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း (၃/၂၀၂၅)ကြိမ် ညှိနှိုင်းအစည်းအဝေးတက်ရောက်



**နေပြည်တော် ဇူလိုင် ၁**

မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများ အသင်းအဖွဲ့ (၃/၂၀၂၅)ကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများ အသင်း ညှိနှိုင်းအစည်းအဝေးမစတင်မီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ညွှန်ကြားရေးမှူးချုပ်က မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုရှိ မြို့နယ် ၅၄ ခုတွင် ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများ၏နေအိမ်များ ပြန်လည်ပြုပြင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်သည့် ဘိလပ်မြေအိတ် ၅ ဒသမ ၃၄၄ သန်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးရာ မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌက သုံးစွဲသူပြည်သူများ သယ်ယူစရိတ်သက်သာစေရေးအတွက် ဒေသအတွင်းရှိ ဘိလပ်မြေစက်ရုံများကို တာဝန်ပေးအပ်၍ ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေများကို ပြည်သူများ လွယ်လင့်တကူ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ဈေးရောင်းပွဲတော်ကျင်းပ၍ ရောင်းချဖြန့်ဖြူးပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုမှ ဘိလပ်မြေများ လိုအပ်ချိန်တွင် ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**ကူညီဆောင်ရွက်ပေး**

ထို့နောက် မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့သည့်စက်ရုံ၊ အလုပ်ရုံများ အမြန်ဆုံးလည်ပတ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုခဲ့၍ စက်ရုံ၊ အလုပ်ရုံများ၏ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံများသို့ ကွင်းဆင်းသွားရောက်၍ စက်အရန်ပစ္စည်းများ အချိန်မီရရှိရေး၊ ကုန်ကြမ်းသွင်းအားစုများရရှိရေး စသည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများ အသင်းနှင့် ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများ အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်စဉ် တွေ့ကြုံရသည့်အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ဆက်လက်၍ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက ဘိလပ်မြေစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု အခြေအနေတို့ကိုလည်းကောင်း၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများက စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှု၊ ဖြန့်ဖြူးရောင်းချမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ် တွေ့ကြုံရသည့်အခက်အခဲများကိုလည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းတွင်ပါဝင်သည့် ဝန်ကြီးဌာနကိုယ်စားလှယ်များက စက်ရုံအလိုက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေကိုလည်းကောင်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဘိလပ်မြေထုတ်လုပ်သည့်နည်းပညာများ လွဲပြောင်းရရှိရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကိုလည်းကောင်း၊ တက်ရောက်လာသူများက ဘိလပ်မြေများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့်အခြေအနေတို့ကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး စက်ရုံများမှတင်ပြသည့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ "သိမ်မွေ့ရှုမဝ မြန်မာ့အလှ" လှယဉ်ကျေးမယ်နှင့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ပြိုင်ပွဲကျင်းပ

**သန်လျင် ဇူလိုင် ၁**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(သန်လျင်)တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် "သိမ်မွေ့ ရှုမဝ မြန်မာ့အလှ" လှယဉ်ကျေးမယ်နှင့် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက အမှာစကား ပြောကြားသည်။

ဦးစွာပြိုင်ပွဲကို ပထမနှစ်နှင့် အထူးပြုဘာသာရပ်ငါးခုမှ ကျောင်းသူများက "မြစိမ်းရောင်လွှမ်း အေးချမ်းစေမည် မြန်မာပြည်" အဖွင့်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ဆက်လက်၍ ပြိုင်ပွဲဝင် ကျောင်းသူ ၂၈ ဦးက ခါးနံပါတ် (၁) မှ (၁၄) အထိ တစ်ဖွဲ့၊ ခါးနံပါတ် (၁၅) မှ (၂၈) အထိ တစ်ဖွဲ့၊ အဖွဲ့နှစ်ဖွဲ့ခွဲ၍ တစ်ဦးချင်းယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းနောက် ပြိုင်ပွဲဝင် ကျောင်းသူ ၂၈ ဦးအနက် အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့က ကျောင်းသူ ၁၀ ဦးအား ရွေးချယ်၍ တစ်ဦးချင်း ထပ်မံယှဉ်ပြိုင်ခဲ့ကြပြီး ဆန်ခါတင်ငါးဦးအား ရွေးချယ်၍ မေးခွန်းများ မေးမြန်းကာ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့်နှစ်သိမ့်ဆုနှစ်ဆုကို ရွေးချယ်ခဲ့ကြသည်။

ထို့နောက် "သိမ်မွေ့ရှုမဝ မြန်မာ့အလှ" လှယဉ်ကျေးမယ်နှင့် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် ဆုရရှိကြသူများအား ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ ထို့နောက် ပြိုင်ပွဲတွင် အစီအစဉ်အလိုက် တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြသည့် ပထမနှစ်နှင့် အထူးပြုဘာသာရပ် ငါးခုမှ ကျောင်းသူအဖွဲ့ ခုနစ်ဖွဲ့အား ပါမောက္ခချုပ်က ဂုဏ်ပြုပန်းစည်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ အဆိုပါပြိုင်ပွဲသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

# ခြေတစ်လှမ်း ကုဋေတစ်သန်း

❖ ကုဋေတစ်သန်း ၊ ခြေတစ်လှမ်းဟု
ထုံးတမ်းစဉ်လာ ၊ ဆိုစရာကား
မျိုးမှာမြင့်မြတ် ၊ တင့်တယ်အပ်သည့်
စိတ်ဓာတ်ခိုင်ဖြိုး၊ ပြစ်မျိုးမှဲ့မထင်
ရုပ်သွင်ခန့်ညား၊ ခမ်းနားထည်ဝါ
မြန်မာအမျိုးသမီး၊ ရှုမငြီးအတွက်
သွယ်စီးသီကုံး ဆိုထုံးရှိခဲ့။

❖ ထိုမှတစ်ဖန် ၊ ရှုကြည့်ပြန်သော်
တော်ဝင်ဖြစ်တည်၊ တွင်ခဲ့သည်တည့်
မဒ္ဒီ သမ္မူ ၊ စင်ဖြူကြည်ကြည်
ကိန္နရီ အမရာ၊ ဇာတ်တော်လာ၌
ပညာအဆင်း၊ ဂုဏ်သတင်းတို့
ထုံသင်းခုတိုင်၊ ရနံ့လှိုင်သည်
ခိုင်ခိုင်ညွှန်းပြ သာဓက...။

❖ ခေတ်၏ရေစီး၊ ပြင်းထန်သည်းစွ
သမီးတို့တွေ၊ ခုအခြေဝယ်
ထူးထွေဆန်းပြား၊ အဝတ်အစားနှင့်
ခေတ်အသုံးအဆောင်များ၊ အပြားပြားတို့
ပလွှားလိုကြ၊ တစ်စစလျှင်
ဒုက္ခရှုံ့ညွှန်၊ ခေတ်အလွန်ထိ
နစ်ကျွံဝင့်မော်၊ ပျော်ကြီးပျော်လျက်
အဖော်အချွတ်၊ စည်းဝါးလွတ်ထိ
ဇွတ်တိုးမဝင်၊ သတိယှဉ်ဖို့
အစဉ်သတိ ချပ်စေချင်။

❖ ယနေ့ချိန်ခါ၊ ဤကမ္ဘာဝယ်
ပညာတစ်ခေတ်၊ ဆန်းစုံသစ်မို့
ပိုင်းဆစ်မြော်မြင်၊ တတ်သိမြင်၍
ယဉ်လည်းယဉ်ကာ၊ ကိုယ့်ရိုးရာကို
စဉ်လာထိန်းလျက်၊ ချစ်စုံမက်သည့်
ထက်မြက်ထူးချွန်
မြတ်မွန်စိတ်ထား
လှအားရက်ပေ၊ မြန်မာမေ ဟု
ကုဋေတစ်သန်း၊ ခြေတစ်လှမ်း ဟု
ကိန်းခန်းမြင့်စွာ၊ ကြိုးကြရာ ဟု
လက်ာဖွဲ့ရေး၊ အားခွန်ပေးသည်
ပိုက်ထွေးသိမ်းမြန်း ဝင့်စေသော်...။

**ဘိုမျိုး(ရွှေဘို)**

(မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုလျက်)

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုကိုးကျွန်းမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက သန်လျင်ခရိုင် ကိုကိုးကျွန်းမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး လှည့်လည်ကြည့်ရှု စစ်ဆေး ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်း အထကအခြေခံပညာ အထက်တန်း ကျောင်း၌ ကျောင်းသား ကျောင်းသူများ စာသင် ကြားနေမှု အခြေအနေများ၊ သိပ္ပံခန်း၊ စာကြည့်တိုက် နှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေသည် များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သာသနမဏ္ဍိုင်ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်း များနှင့် နဝကမ္မအလှူငွေများကို လည်းကောင်း၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ က နဝကမ္မအလှူငွေများကိုလည်းကောင်း ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရပ်မိရပ်ဖများ၊ မြို့နယ်နေပြည်သူများနှင့် တွေ့ဆုံရာ ကိုကိုးကျွန်း မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီစောက ကိုကိုးကျွန်းမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက် များကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖများက မြို့နယ်အတွင်း လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ကြက်ဥ၊ ကြက်သွန်နီ အစရှိသည့် မီးဖိုချောင်သုံး ရိက္ခာများ၊ အသက်ကယ်အင်္ကျီ၊ မိုးကာ၊ ဗလာစာအုပ်နှင့် စာရေး ကိရိယာများ၊ အားကစားပစ္စည်းများ၊ သုတ/ရသ စာအုပ်များနှင့် ချီးမြှင့်ငွေများအား သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်းနေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတွင် ဆိုလာဖြင့် မြို့နယ်အတွင်း ဖြန့်ဝေနိုင်ရေး လုပ်ငန်းဆောင်ရွက် နေမှုများကိုလည်းကောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် မြို့နယ်အတွင်း သောက်သုံး ရေ ဖြန့်ဝေပေးနေသည့် ရေသန့်စက်ကိုလည်း



ကောင်း၊ ကိုကိုးကျွန်းရေလှောင် တာတမံ၏ ကြံ့ခိုင်မှု နှင့် ရေသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြား သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ သည် မြို့နယ်ပြည်သူဆေးရုံတွင် ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူနေသော လူနာအား ချီးမြှင့်ငွေ ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ ချီးမြှင့်ငွေနှင့် ဆေးရုံအတွက် လိုအပ် သော ဆေးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ သည် လူမှုဝန်ထမ်းဦးစီးဌာန၊ ကိုကိုးကျွန်း မူလတန်း ကြိုကျောင်းတွင် ကလေးငယ်များ သင်ကြားနေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များ စားသောက်ရေးအတွက် ချီးမြှင့်ငွေများ ပေးအပ် သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁**

"တိုးတက်ခိုင်မာ အားကောင်း သည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်း ကော်မတီ" အတွင်းရေးမှူး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်း နှင့်အတူ ယနေ့နံနက်ပိုင်း က တပ်ကုန်းမြို့နယ်အတွင်း ရှိ မန်ကျည်းပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ရွာသူ ရွာသားများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင် ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းမှု နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မန်ကျည်း ပင်ကျေးရွာအုပ်စု မန်ကျည်းပင် ကျေးရွာနှင့် ညောင်ပင်သာ ကျေးရွာတို့ကို ဦးတည်၍ ခေတ်မီ စံပြကျေးရွာ (Smart Village) ထူထောင် ဆောင်ရွက်ပေးမည့် အစီအစဉ်၊ ဖွံ့ဖြိုးတိုးတက်မှု များဖြစ်ပေါ်လာစေရေးတို့အတွက် ဝန်ကြီးဌာနများနှင့် နေပြည်တော် ကောင်စီတို့က အကောင်အထည် ဖော် ဆောင်ရွက်ပေးမည့် အခြေ အနေတို့ကို ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ခေတ်မီစံပြကျေးရွာ စီမံကိန်း လုပ်ငန်းဆိုင်ရာ အကြောင်းအရာ များကို ရှင်းလင်းဆွေးနွေး သည်။

ယင်းနောက် ဒုတိယဝန်ကြီး သည် ရွာသူရွာသားများ၏ ဖွံ့ဖြိုး ရေးလုပ်ငန်း တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ပေးပြီး ရာဂီမုန်တိုင်း ကျရောက်ခဲ့စဉ်က နေအိမ်များ မျောပါသွားသည့် ညောင်ပင်သာ ကျေးရွာတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊ ညီနောင်အသင်းများနှင့် အလှူရှင်များက ဆောက်လုပ်ပေး ထားသည့် နေအိမ် ၂၃ လုံးကိုလည်း ကောင်း၊ နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် ထူထောင်ပေးထား သော ဆိတ်မွေးမြူရေး လုပ်ငန်းကို လည်းကောင်း လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တပ်ကုန်း မြို့နယ် တံခွန်တိုင်ကျေးရွာ သို့ သွားရောက်၍ ဘုန်းတော် ကြီးကျောင်း၌ ကျောင်းထိုင် ဆရာတော်အား လှူဖွယ်ပစ္စည်း များနှင့် နဝကမ္မအလှူငွေတို့ကို ဆက်ကပ်လှူဒါန်းပြီး အဆိုပါ ကျောင်း၌ကျင်းပသည့် ထန်းတော ကြီးကျေးရွာအုပ်စု တံခွန်တိုင် ကျေးရွာနှင့် ဝွေးပင်စံပြကျေးရွာ တို့မှ ဝါစိုက်သမဝါယမအသင်း သား တောင်သူများအား ဝါမျိုးစေ့ နှင့် သွင်းအားစုပေးအပ်ပွဲ အခမ်း အနားသို့ တက်ရောက်ကာ ဒုတိယဝန်ကြီးနှင့် နေပြည်တော် ကောင်စီဝင်တို့က တံခွန်တိုင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွား ရေး သမဝါယမအသင်း၊ ဝွေးပင် စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်းတို့မှ အသင်းသားတောင်သူ ၅၅ ဦး၏ ဝါစိုက်ဧက ၁၅၇ ဧကအတွက် RAKA – 666 ဝါမျိုးများနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်၌ နိုင်ငံတကာ မှုပိုင်ခွင့်ညီလာခံ- ၂၀၂၅ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁**

မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်းမှုတို့ကို အားပေးလှုံ့ဆော်သော မူပိုင်ခွင့်ဂေဟ စနစ်ကို အားကောင်းစေရန် ဦးတည်ချက်ဖြင့် နိုင်ငံတကာ မူပိုင်ခွင့် ညီလာခံ–၂၀၂၅ ကို ဇူလိုင် ၃ ရက်မှ ၄ ရက်အထိ Jasmine Naypyitaw Hotel ၌ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာမူပိုင်ခွင့်ညီလာခံတွင် ပြည်တွင်း ပြည်ပမှ Keynote Speakers များနှင့် စာတမ်းရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကျောင်းသား ကျောင်းသူများ၊ သုတေသနပညာရှင်များ၊ ဥပဒေအကျိုးဆောင်များ နှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၀၀ ခန့်ဖိတ်ကြား၍ စာတမ်း စုစုပေါင်း ၅၀ ခန့် ဖတ်ကြားသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့နယ်၌ AI ဉာဏ်ရည်တု နည်းပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်

**ကော့သောင်း ဇူလိုင် ၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအနေဖြင့် ခေတ်မီနည်းပညာများ လက်လှမ်းမီစေရန်နှင့် စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူပြုစေသည့် AI ဉာဏ်ရည်တု နည်းပညာပြန့်ပွားရေးလုပ်ငန်းကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပသည်။

ထို့နောက် ကော့သောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က AI နည်းပညာများကို သင်ကြားပို့ချပေးပြီးနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာသော တောင်သူများ၏ ဖုန်းထဲသို့ software များ ထည့်သွင်းပေးခြင်း၊ အသုံးပြုသည့်နည်းလမ်းများကို စမ်းသပ်ပြသခြင်း စသည့်ပညာပေး



လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၃၀ တို့အား AI ဉာဏ်ရည်တု နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေး မြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ထွန်းကားပြန့်ပွားရေး (၅)

ကေကေ (မဟာဝိဇ္ဇာ)

မြန်မာ့ယဉ်ကျေးမှု၌ ရှင်ပြုမင်္ဂလာဟုရှိ၏။ ရှင်ပြုအံ့ဆဲလုလင်ကို ရှင်လောင်း၊ မောင်ရှင်လောင်းဟု ခေါ်၏။ ဆံရိတ်၊ ဆံချ၊ ခေါင်းတုံးတုံး၍ သင်္ကန်းတောင်းပြီး စည်းပေးလိုက်သောအခါ ကိုရင်၊ သာမဏေ ဖြစ်လာသည်။ ၁၀ ပါးသီလနှင့် ရှင်ကျင့်ဝတ် ၇၅ ပါး စောင့်ထိန်းရသည်။ ထေရဝါဒသာသနာတွင် အငယ်ဆုံး အနိမ့်ဆုံး သာသနာ့ဝန်ထမ်း ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က ရှင်သာရိပုတ္တရာမထေရ်မြတ်၏ သင်္ကန်းအနား မညီပုံကို ခုနစ်နှစ်သား ကိုရင်ငယ်ကလေးက ထောက်ပြလျှောက်ထားခဲ့ရာ “ခုနစ်နှစ် အရွယ်ပင်ဖြစ်ပါစေ၊ ငါ့ကို ဆုံးမတာကို ဦးထိပ်ပန်ဆင်ပြီး လေးစားစွာနာခံပါသည်”ဟု မိန့်တော်မူ၍ သင်္ကန်းပြင်ရုံပြီးနောက် “ငါ့ရှင် လေး၊ ငါ့သင်္ကန်းညီပြီလော”ဟု ပြန်လည်လျှောက်ထား လိုက်နာကျင့်ဆောင်တော်မူခဲ့ပါသည်။

သီရိဓမ္မာသောကမင်းကြီးကို အရိယာသူတော်စင် နိဂြောဓ သာမဏေလေးက “မမေ့မလျော့နေပါက နိဗ္ဗာန်ရခြင်း၏ အကြောင်းဖြစ်၏။ မေ့လျော့ချေပါက သေခြင်း၏အကြောင်းဖြစ်၏”ဟုအဓိပ္ပာယ်ရသော “အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနောပဒံ” တရားအနှစ်ဂါထာ နှစ်ပိုဒ်ဖြင့် မင်းကြီး၏ အပူကိုငြိမ်းပေးခဲ့သည်။

သာမဏေငယ်ပင်ဖြစ်လင့်ကစား ဝိနည်းလေးစားမှု၊ အာသဝေါ ကင်းစင်မှုကို သာဓကပုံဆောင်ခြင်းဖြစ်သည်။ ယနေ့ သာမဏေများတွင် သင်္ကန်းမနိုင့်တနိုင် ကိုရင်ငယ်ကလေးများ (ဒုလ္လဘ)၊ ကစားမက်သော ကိုရင်ငယ်ကလေးများ၊ အကြောင်းအမျိုးမျိုးဖြင့် ကျောင်းပျော်အောင်ထားရသော ကိုရင်ငယ်ကလေးများ ရှိတတ်ပါသည်။ သို့သော် သူတို့ (ဒုလ္လဘမှလွဲ၍)သည် ကျောင်းထိုင်ဘုန်းကြီးများ၊ ဆရာမထေရ်များ၏ သွန်သင်ပြသမှုဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ အခြေခံကို ပျိုးထောင်ကြရသည်။ သူတို့တွင် စာဝါလိုက်ချိန်၊ စာပြန်ချိန်ရှိသည်။

“စာပုလွေ၊ ရင်မှာပိုက်ပါလို့၊ ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်။ ဘယ်စာကို ဘယ်နှဝါ မောင်သင်မလို့တုန်း။ ပျိုလေးကို သံချိုနှော၊ ပြောခဲ့ပါအုံး(ဦး)။”ဟူသော ကဗျာတေးချင်းက ကိုရင်သာမဏေတို့ စာဝါလိုက်ရပုံကို မြင်ယောင်စေသည်။

**သာမဏေကျော်စာမေးပွဲ**

၁၈၈၅ ခုနှစ်ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၌ ပရိယတ္တိသာသနာတော် နိမ့်လျှောမည့်အရေးကို တွေးပူမိသဖြင့် နိုင်ငံတော်က ကျင်းပသည့် ပထမပြန်စာမေးပွဲအပြင် စာသင်သားများအတွက် ပရိယတ္တိ စာပေ ပိုမိုနှံ့စပ်ကျွမ်းဝင်စေမည့် စာမေးပွဲများကို **အစိုးရမဟုတ်သော အသင်းအဖွဲ့များက** တီထွင်ကျင်းပခဲ့ကြောင်း သိရှိရသည်။ ၁၉၀၃ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် မန္တလေးမြို့ သကျသီဟ စာမေးပွဲ၊ ၁၉၁၈ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် ရန်ကုန်မြို့ စေတိယင်္ဂဏ စာမေးပွဲ၊ ၁၉၂၂ ခုနှစ်တွင် သထုံမြို့ သုဝဏ္ဏဘုမ္မိ ပရိယတ္တိစာမေးပွဲ၊ ၁၉၃၀ ပြည့်နှစ်တွင် မော်လမြိုင်မြို့ သုသမာစာရ ပရိယတ္တိစာမေးပွဲဟူ၍ အသီးသီး ပေါ်ပေါက်လာခဲ့သည်။

၁၉၄၉ ခုနှစ် (၁၃၁၁ ခုနှစ်) တွင် အသက် ၂၀ မပြည့်သေးသော ရှင်သာမဏေတို့နှင့် သင့်လျော်သည့် စာမေးပွဲမျိုးကျင်းပရန် ရည်ရွယ်၍ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရေးဆွဲ သတ်မှတ်ပေးတော်မူခဲ့သော စည်းမျဉ်းဥပဒေ ပြဋ္ဌာန်းကျမ်းစာများဖြင့် ‘သာသနာလင်္ကာရ သာမဏေကျော်’ စာမေးပွဲကို ထပ်တိုးကျင်းပခဲ့သည်။ မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတ အသင်းကြီးက စတင်ကျင်းပခဲ့သည်။ ယနေ့ သာမဏေကျော်စာမေးပွဲများ၏ အစဖြစ်သည်။

‘အလင်္ကာရ’ဆိုသည်မှာ ‘အဆင်တန်ဆာ’ဟု အဓိပ္ပာယ်ရသည်။ သာသနာတော်၏ အဆင်တန်ဆာဖြစ်သော ထူးချွန်သည့် သာမဏေများကို မွေးထုတ်ပေးသော စာမေးပွဲဖြစ်၏။ စာမေးပွဲကို အဆင့်သုံးဆင့်ဖြင့် ကျင်းပကာ သုံးဆင့်လုံးအောင်မြင်ပါက သာမဏေဘွဲ့၏ နောက်တွင် ‘အလင်္ကာရ’ ဘွဲ့ကို ဆက်ကပ်သည်။ ဥပမာ သာမဏေဘွဲ့က ရှင်ကုမာရဖြစ်လျှင် ‘ရှင်ကုမာရာလင်္ကာရ’ ဟု ဂုဏ်ပြုခေါ်တွင်သည်။ (မှတ်ချက်။ အလင်္ကာရဘွဲ့ ဂုဏ်ထူးတွင်ပါရှိသည့် အ– အက္ခရာသည် သဒ္ဒါနည်းအရ မူလဘွဲ့အဆုံးအက္ခရာကို (ဒီဃ) ရေးချအဖြစ် ပြောင်းလဲပေးပါသည်။)

**စာမေးပွဲအဆင့်**

အထက်တွင်ဖော်ပြသည့်အတိုင်း သာမဏေကျော် စာမေးပွဲကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲထားသည်။ တစ်ဆင့်အောင်မှ နောက်တစ်ဆင့်ဖြေဆိုခွင့်ရသည်။

ပထမအဆင့်တွင် သဒ္ဒါရေး၊ သင်္ဂြိုဟ်ရေးနှင့် ပါဠိအနက် ပြန်ဆိုခြင်းစသည့် နှုတ်ဖြေစာမေးပွဲကို ထည့်သွင်းထားသည်။ အာဂုံနှုတ်ဖြေအောင်မှ ပထမအဆင့် ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ရှိသည်။ ဒုတိယအဆင့်၊ တတိယအဆင့် စာမေးပွဲများတွင် နှုတ်ဖြေမပါတော့ချေ။

ရေးဖြေစာမေးပွဲများကို သုံးရက်ဖြေရသည်။ အဆင့်တိုင်း သုံးကျမ်း၊ သုံးရက်ဖြေရသည်။ ပထမရက် ဝိနည်းကျမ်း၊ ဒုတိယရက် အင်္ဂုတ္တိုရ်ကျမ်းနှင့် တတိယရက် ဓမ္မပဒကျမ်းတို့ဖြစ်၏။ ဘာသာရပ်ခေါင်းစဉ်တူသော်လည်း အဆင့်ကိုလိုက်၍ ပြဋ္ဌာန်းစာအဆင့်မြင့်သွား၏။

**ပြဋ္ဌာန်းကျမ်းစာ**

သာမဏေကျော်စာမေးပွဲအတွက် ပြဋ္ဌာန်းထားသော သင်ရိုးကျမ်းစာများမှာ ဝိနည်းကျမ်းများ၊ အင်္ဂုတ္တိုရ်ကျမ်းများနှင့် ဓမ္မပဒပါဠိတော် ကထာကျမ်းတို့ဖြစ်ကြပါသည်။ သဒ္ဒါနည်း၊ အာဘော်၊ သံဝဏ္ဏာအစရှိသော ဓမ္မာစရိယတန်းဆိုင်ရာ နည်းစနစ်များဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ သာမဏေ (ကိုရင်)များ၏ ပရိယတ္တိစာပေအဆင့်ကို ခန့်မှန်းကြည့်နိုင်ပါသည်။ သိသာရန် အကျဉ်းတင်ပြလိုပါသည်။

**ဝိနည်း** ငါးကျမ်းတွင် ငါးအုပ်ပြဋ္ဌာန်းထားပါသည်။ ပါရာဇိကဏ်ပါဠိတော်တစ်အုပ်၊ ပါစိပါဠိတော် တစ်အုပ်၊ မဟာဝါ ပါဠိတော်တစ်အုပ်၊ စူဠဝါ ပါဠိတော်တစ်အုပ်၊ ပရိဝါ ပါဠိတော်တစ်အုပ် တို့ဖြစ်၏။

**အင်္ဂုတ္တိုရ်** ဆယ့်တစ်ကျမ်းတွင် သုံးအုပ်ပြဋ္ဌာန်းပါသည်။ ၎င်းတို့မှာ ဧကက၊ ဒုက၊ တိက၊ စတုက္က တစ်အုပ်၊ ပဉ္စက၊ ဆက္ကက၊ သတ္တက တစ်အုပ်၊ အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသက တစ်အုပ်တို့ဖြစ်၏။

**ဓမ္မပဒ ပါဠိတော် အဋ္ဌကထာ** တစ်ကျမ်းမှ နှစ်အုပ်ပြဋ္ဌာန်းပါသည်။ ပထမတွဲတစ်အုပ်နှင့် ဒုတိယတွဲတစ်အုပ်တို့ဖြစ်၏။

သာမဏေ(ကိုရင်)တို့ သင်ကြားရသော ပရိပတ္တိစာပေမှာ မြင့်လှပါသည်။ သာမဏေကျော် စာမေးပွဲအောင်မြင်ပြီးပါက ဓမ္မာစရိယ (စာချတန်း) စာမေးပွဲကို အလွယ်တကူဖြေဆိုနိုင်ရုံမျှမက တိပိဋကဓရ စာမေးပွဲကိုပါ အခက်အခဲနည်းပါးစွာ ဖြေဆိုနိုင်သည့် အရည်အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များဖြစ်လာပါသည်။

**နိုင်ငံတစ်ဝန်းရှိ သာမဏေကျော်စာမေးပွဲများ**

တိုင်းဒေသကြီး၊ ပြည်နယ် ၁၁ ခုရှိ မြို့နယ် ၁၇ မြို့နယ်တွင် သာမဏေကျော်စာမေးပွဲကို အမည်အမျိုးမျိုးဖြင့် ကျင်းပကြသည်။ သင်ရိုးတူညီကြသော်လည်း အသင်းအဖွဲ့အလိုက် ဖြေဆိုရက် သတ်မှတ်ခြင်း၊ မေးခွန်းထုတ်ခြင်း၊ ပူဇော်ပွဲကျင်းပခြင်းတို့ကို သီးခြားလွတ်လပ်စွာ လုပ်ဆောင်ကြသည်။ စာမေးပွဲမရှိသော ဒေသမှ သာမဏေများသည် စာမေးပွဲရှိရာ မြို့များသို့ သွားရောက်ဖြေဆိုကြသည်။

စာဖြေသာမဏေအင်အားမှာ စာပေဌာန တစ်ခုနှင့်တစ်ခု မတူချေ။ မှတ်တမ်းများအရ အနည်းဆုံး အပါး ၁၀၀ မှ အများဆုံး အပါး ၃၀၀၀ အတွင်းရှိခဲ့သည်။ ကျင်းပသောကာလမှာမူ အခြေအနေအရ ပြောင်းနိုင်ပေသည်။ ကိုဗစ်ကာလ ၂၀၂၀တွင် ရခိုင်နှင့် မွန်နှစ်နေရာသာလျှင် သာမဏေကျော် စာမေးပွဲပြုလုပ်နိုင်ကြောင်းသိရ၏။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | စာမေးပွဲအမည် | ချီးမြှင့်သောဘွဲ့ | စတင်သည့်နှစ် | ကျင်းပသည့်လ |
|---|---|---|---|---|---|---|
| ၁။ | ကရင် | ကော့ကရိတ်၊ ကျုံဒိုး | သာမဏေကျော် | အလင်္ကာရ | ၂၀၁၆ | ဖေဖော်ဝါရီ |
| ၂။ | စစ်ကိုင်း | မုံရွာ | ပိဋကာ လင်္ကာရ ပရိယတ္တိ | ပိဋကာလင်္ကာရ | ၂၀၀၅ | ဇန်နဝါရီ |
| ၃။ | ပဲခူး | ပဲခူး | ပရိယတ္တိ သဒ္ဓမ္မ ရက္ခိတ | အလင်္ကာရ | ၁၉၈၄ | ဇန်နဝါရီ |
| ၄။ | | တောင်ငူ | ပရိယတ္တိ သာသနမူလ သာမဏေကျော် | အလင်္ကာရ | ၂၀၁၉ | ဇန်နဝါရီ |
| ၅။ | မကွေး | ပခုက္ကူ | သာသနစက္က ပဝတ္တက သာမဏေကျော် | သာသနာ လင်္ကာ–အကျော် | ၁၉၉၉ | ဇန်နဝါရီ |
| ၆။ | မန္တလေး | မြင်းခြံ | ပုညမဥ္ဇရီ သာမဏေကျော် | အလင်္ကာရ | ၁၉၉၉ | နိုဝင်ဘာ |
| ၇။ | | မိုးကုတ် | ထာဝရ သဒ္ဓမ္မာ လင်္ကာရ | အလင်္ကာရ | ၂၀၁၉ | နိုဝင်ဘာ |
| ၈။ | | တံတားဦး | သူငယ်တော်တောရ သာမဏေလင်္ကာရ | အလင်္ကာရ | ၂၀၁၈ | ဒီဇင်ဘာ |
| ၉။ | | ပြင်ဦးလွင် | ပရိယတ္တိ သာသနပါလ | အလင်္ကာရ | ၂၀၁၆ | ဖေဖော်ဝါရီ |
| ၁၀။ | | မန္တလေး | သကျသီဟ သာမဏေကျော် | အလင်္ကာရ | ၁၉၄၉ | ဇန်နဝါရီ |
| ၁၁။ | မွန် | သထုံ | ရွှေပါရမီပရိယတ္တိ သာသနာလင်္ကာရ | အလင်္ကာရ | ၂၀၀၈ | ဇန်နဝါရီ |
| ၁၂။ | ရခိုင် | စစ်တွေ | ရက္ခပူရ သာမဏေကျော် | အလင်္ကာရ | ၂၀၁၅ | ဖေဖော်ဝါရီ |
| ၁၃။ | ရန်ကုန် | ဗဟန်း | သာသနာ့ဝန်ဆောင်သာမဏေကျော် | အလင်္ကာရ | ၁၉၈၈ | ဒီဇင်ဘာ |
| ၁၄။ | | သန်လျင် | ပရိယတ္တိ သာသနဟိတ သာမဏေကျော် | အလင်္ကာရ | ၂၀၁၅ | ဖေဖော်ဝါရီ |
| ၁၅။ | ရှမ်း | တောင်ကြီး | ကမ္ဘောဇ သာမဏေကျော် | အလင်္ကာရ | ၁၉၉၀ | နိုဝင်ဘာ |
| ၁၆။ | ဧရာဝတီ | မော်လမြိုင်ကျွန်း | ပရိယတ္တိ သာသနာလင်္ကာရ သာမဏေကျော် | အလင်္ကာရ | ၁၉၉၁ | နိုဝင်ဘာ |
| ၁၇။ | နေပြည်တော် | ဒက္ခိဏသီရိ | ရန်အောင်မြင် ပရိယတ္တိ သာသနာလင်္ကာရ | အလင်္ကာရ | ၂၀၁၃ | ဇန်နဝါရီ |

**သာသနာတော်၏ အုတ်မြစ်**

သာမဏေဘဝတွင် ဓမ္မအခြေခံကောင်းခဲ့ပါက ရဟန်း၊ ပဉ္စင်းဖြစ်သော် စာတတ်ပေတတ် ကျမ်းဂန်တတ် အကျော်အမော် ဖြစ်လာနိုင်သည်။ တရားဟောနေသော ဓမ္မကထိကတွေ၊ ပရိယတ္တိ သင်ကြားပို့ချနေသော စာချအကျော် ဆရာတော်တွေ၊ ခန္ဓာဉာဏ်ရောက် တရားပြနေသော ကမ္မဋ္ဌာန်းဆရာတော်တွေသည် တစ်ချိန်က သာမဏေ (ကိုရင်)ဘဝကို ဖြတ်သန်းလာခဲ့ကြသော ပုဂ္ဂိုလ်များ ဖြစ်သည်။ ဆိုလိုသည်မှာ သာမဏေ(ကိုရင်)များသည် ထေရဝါဒ ဗုဒ္ဓသာသနာ၏ အရန်အင်အားများ ဖြစ်သောကြောင့် သာသနာတော် အဓွန့်ရှည်တည်တံ့ရေးအတွက် အငယ်ဆုံး အနိမ့်ဆုံး သာသနာဝင်ကိုရင်၊ သာမဏေများ၏ ပညာရေးကို အလေးထားပြုစုပျိုးထောင်ပေးရန်မှာ အဓိကကျသော အကြောင်း အချက်တစ်ခုဖြစ်သည်။ သာမဏေကျော် စာမေးပွဲများသည် သာသနာတော် အရှည်တည်တံ့ရေးအတွက် အခြေခံအုတ်မြစ်တစ်ခုဟု ဆိုနိုင်သည်။

သာမဏေကျော် စာမေးပွဲများကို အစိုးရက ဦးဆောင်ကျင်းပခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ စေတနာ့ဝန်ထမ်း သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များက ကျင်းပပေးခြင်း ဖြစ်သည်။ (မှတ်ချက်။ စုဆောင်းထားသော သာမဏေကျော် စာမေးပွဲ စာရင်းကို ဇယားဖြင့် ဖော်ပြထားပါသည်။ အပြောင်းအလဲရှိနိုင်ပါသည်။) အသင်းအဖွဲ့များ၏ ဘာသာရေးအသိဖြင့် ကိုယ်ထူ ကိုယ်ထ သာမဏေကျော်စာမေးပွဲများ ကျင်းပပေးခြင်းသည် အလွန်လေးစားဖွယ်၊ ချီးကျူးဖွယ်ကောင်းသော သာသနာရေးဆိုင်ရာ မြင့်မြတ်သည့် အစဉ်အလာ အလေ့အထအဖြစ် တည်ရှိနေသည်။ ထိုအသင်းအဖွဲ့များ ရပ်တည်နိုင်ရေးအတွက် အလှူရှင်များ လိုအပ်မည်ဟု တွေးမိသည်။ ရန်ပုံငွေချို့တဲ့လျှင် အစဉ်အလာကို ဆက်ထိန်းရန် ခဲယဉ်းပေလိမ့်မည်။ စာမေးပွဲကျင်းပပေးသော အသင်းအဖွဲ့များကို ထောက်ပံ့ကူညီရန် လိုအပ်သကဲ့သို့ သာမဏေကျော် စာသင်တိုက်များကိုလည်းအားပေးချီးမြှောက်ရန်လိုအပ်ပါပေသည်။

> ❂ **သာမဏေ(ကိုရင်)တို့ သင်ကြားရသော ပရိပတ္တိစာပေမှာ မြင့်လှပါသည်။ သာမဏေကျော် စာမေးပွဲအောင်မြင်ပြီးပါက ဓမ္မာစရိယ (စာချတန်း) စာမေးပွဲကို အလွယ်တကူဖြေဆိုနိုင်ရုံမျှမက တိပိဋကဓရ စာမေးပွဲကိုပါ အခက်အခဲနည်းပါးစွာ ဖြေဆိုနိုင်သည့် အရည်အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များဖြစ်လာပါသည်**







## လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်

**ကော့သောင်း ဇူလိုင် ၁**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုသည် ကော့သောင်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကော့သောင်းမြို့ မဥ္ဇူသကခန်းမတွင် ပြုလုပ်သည်။



အဆိုပါ တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ဆောင်ရွက်ပြီး စစ်မှန်၍ မျှတသည့်အစိုးရတစ်ရပ် ဖွဲ့စည်းတာဝန်ထမ်းဆောင်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် (KG မှ Grade-12)ထိ ပြောင်းလဲဆောင်ရွက် ပေးလျက်ရှိပြီး (KG+G-9) ထိ အတန်းစာအောင်မြင်ပြီး (G-10,11,12) တက်ရောက်ကြမည့်ကျောင်းသားကျောင်းသူများအနေဖြင့် အသက်မွေးဝမ်းကျောင်း ပညာရပ်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးနှင့် အင်ဂျင်နီယာ ပညာရပ်များ ဆက်လက် သင်ကြားနိုင်ရန် ဆောင်ရွက်ထားရှိသည့်အတွက် ကျောင်းသား ကျောင်းသူများ နားလည်သဘော ပေါက်အောင် ပြောဆိုစည်းရုံး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းပညာ သင်ကြားနိုင်ရေးဆောင်ရွက်ကြရန်နှင့်ကျောင်းပြင်ပတွင်လည်း စာတတ်မြောက်ရေးသင်တန်းကျောင်းများ ဆောင်ရွက်ပေးစေလိုကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ငါးနှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ငါးနှစ်အထက် ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးမှုအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ကော့သောင်းမြို့သည် ပြည်တွင်း၊ ပြည်ပခရီးသွားများ အများဆုံး လာရောက်လည်ပတ်သည့် မြို့ဖြစ်သဖြင့် Smart City, Clean City, Green Cityဖြစ်ရန် မြို့သန့်ရှင်းသာယာ လှပရေးအတွက် အသိစိတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းကူညီဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွေးကောက်ပွဲဆောင်ရွက်ရာတွင် လူဦးရေစာရင်းမှန်ကန်မှု ရှိစေရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာဌာနများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ချမ်းအေးသာစံမြို့နယ်၌ သမအသင်းများ၏ ဝင်ငွေကြေညာလွှာပေးအပ်

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဝင်ငွေကြေညာလွှာ ပေးအပ်ပွဲကို ယမန်နေ့က မန္တလေးမြို့ရှိ Oriental House ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ထွန်း၊ ချမ်းအေးသာစံမြို့နယ်ဦးစီးအရာရှိဒေါ်အေးမာဌေး၊ စည်ပင်သာယာငွေစုငွေချေးသမဝါယမအသင်းစုမှူး ဦးကောင်းဟိန်းနှင့် ဌာနဝန်ထမ်းများ တက်ရောက်ကြသည်။




အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဝင်ငွေကြေညာလွှာပေးအပ်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးက လက်ခံရယူကြောင်း သိရသည်။

**မောင်အေးချမ်း**

သာကေတမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေးအတွက် ဇွန် ၂၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းမင်းလတ်တို့ဦးဆောင်၍ ပူးပေါင်းအဖွဲ့များက ဆိုင်များအတွင်း "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက် ဗီနိုင်းထပ်မံချိတ်ဆွဲခြင်းနှင့် စစ်ဆေးခြင်းဆောင်ရွက်စဉ်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ် (၄၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၆-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)၏ အလံပုံစံ**



**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဇူလိုင် ၁**

ဇူလိုင် ၁ ရက် မြန်မာစံတော်ချိန် ၀၂ နာရီ ၁၃ မိနစ် ၁၂ စက္ကန့်အချိန်တွင် နမ့်စန်ငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လင်းခေးမြို့၏ မြောက်-အနောက်မြောက်ဘက် (၅)မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၉၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၄၅ | GILGAL OVERSEAS COMPANY LTD. | Mr. Carter Sesu Michael<br>Daw Naw Precious Joy | Kyaik Kuauk Pagoad Road, Room No. 916, Building A3, STAR City, Thanlyin Township, Yangon | Z3107875<br>12/AHSANA(N)182584 |
| ၄၆ | GLOBAL BRIDGE GROUP COMPANY LIMITED. | Nay Ni Myint<br>Daw Yang Min Song<br>Daw Yone Yone | No.(2), Waizaiyada Road, 4 (B), Thingankyun, Yangon Upper Baho Street, Building D, Room 609, 6 Floor, Mayangone, yangon | 13/TAKANA(N)168888<br>1/WAMANA(PYU)000270<br>13/TAKANA(N)168178 |
| ၄၇ | GLOBAL GARUDA COMPANY LIMITED. | U Aung Naing Oo<br>Daw Thwe Thwe Aung | 36 Street, Between (77x78) ST, No-133, Maha Aung Myay TSP, Mandalay | 9/MAHAMA(N)009669<br>9/PAOULA(N)001602 |
| ၄၈ | GLOBAL GEO INDUSTRY AND MINING CO., LTD. | Daw Moon December<br>U Hla Htwe<br>U Tay Zar Win Tun | 7, No. (65-66), Industrial Zone(1), Loikaw, Kayah | 2/LAKANA(N)067727<br>8/NAMANA(N)122472<br>12/OUKATA(N)150268 |
| ၄၉ | GLOBAL STEEL MYANMAR COMPANY LIMITED | Mr. Li Wu<br>Mr. Tsai Chi Fu<br>Mr. Zhang Wenchuan<br>Mr. Wang Zhenjie | R.(6) Street, No. (269), Mingaladone Garden City, Mingalardone Township, Yangon | E84011080<br>308682711<br>E68838585<br>EA4226889 |
| ၅၀ | GLORY RADICAL TRADING COMPANY LIMITED. | Daw Nang Aye Wah<br>U Tang Seng | Conner of Sit Taung Street and Ma Li Hka Street, No. 101, Hlaing Thar Yar Township, Yangon | 13/THAPANA(N)029327<br>1/THANANA(N)012404 |
| ၅၁ | GOLDEN BATTERY RECYCLING COMPANY LIMITED. | U Zaw Lin Tun<br>U Tun Tun Mon | No. A-1, Room (701), Bahtoo Street, North Dagon Myothit Township, Yangon | 10/LAMANA(N)008174<br>10/YAMANA(N)153643 |
| ၅၂ | GOOD JOB COMPANY LIMITED. | Daw Win Win Thein<br>U Kyan Kyar Roi<br>U Kyaw Thet Htun<br>U Thein Kyaw Hlaing<br>U Thet Tin Aung Win<br>U Win Soe Oo | Shwe Oat Gu (5) Road, No (27), Room No. (004), Kamarkyi Housing, (8) Quarter, Tharkayta Township, Yangon | 9/KHAAHZA(N)021791<br>1/MAKANA(PYU)000337<br>9/AHMAZA(N)012341<br>11/PATANA(N)131638<br>3/BAAHNA(N)165694<br>7/PAKHANA(N)290131 |
| ၅၃ | GREAT JOY COMPANY LIMITED. | Daw Su Su Aye | 34 Street, Upper Block, No. 177, 5th Floor, Shwe Ou Dawn Min Condo, Kyauktatar Township, Yangon | 11/TAKANA(N)107486 |
| ၅၄ | GREAT MOUNT SILVER TRADING COMPANY LIMITED. | U Zaw Min Tun | No.94, 37th Street (Middle), Ground Floor, 5 Ward, Kyauktada Township, Yangon | 12/AHSANA(N)158100 |
| ၅၅ | GREEN ELEPHANT HOUSE CO., LTD. | Daw Khyn Hla Hla Aung | Orchid Garden Lane 2, O 108, FMI Housing Estate Hlaing Thar Yar Township, Yangon | 12/KAMAYA(N)050263 |
| ၅၆ | GREEN MAST TRADING CO., LTD. | Daw Khin Su Su Htwe<br>Daw Khin Than Myint<br>Daw Khin Than Saw<br>U Soe Aung | No(1572), May Kha Road, (63) Quarter, Industry Zone (2), South Dagon Township, Yangon | 9/KAMANA(N)097283<br>9/KAMANA(N)081025<br>9/KAMANA(N)072845<br>9/MAKANA(N)008779 |
| ၅၇ | HAY SHAN SMILE COMPANY LIMITED. | U Kyi Min<br>Daw Win Win Maw | No.(115), 92 Street, Kan Shae Ward, Mingalar Taung Nyunt Township, Yangon | 12/KAMANA(N)099792<br>12/KAHKAKA(N)060953 |
| ၅၈ | HENG SHENG YE JIN COMPANY LIMITED. | Mr. Man Shenqiang<br>Mr. Wang Yi Bing<br>U Sai Won Kyauk | Building No(15), Room No. (9), Sabal Street, Thar Yar Gone Ward, Mingalar Taung Nyunt Township, Yangon | E13374261<br>G57634512<br>13/KATANA(N)003667 |
| ၅၉ | HI TOP MIRAMAR COMPANY LIMITED. | | | |
| ၆၀ | HNIN HAY MARN COMPANY LIMITED. | U Min Naing Oo | No. 30, Myawaddy Asia Road, Thin Gan Nyi Naung, Ywar Thit Village, Myawaddy,Kayin State | 7/PHAMANA(N)110059 |
| ၆၁ | HUA SU COMPANY LIMITED | U Tun Lin | Industry (2) Street, No. (95/96), Myanugtagar Indaustrial, Hmawbi Township, Yangon | 13/MANANA(N)037375 |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၆၂ | IMX MYANMAR COMPANY LIMITED. | Daw Phyo Phyo Khine | Bo Oaktama Street, No. 502, No.2 (KH) Ward, Mingaladon Township, Yangon | 1/MAKATA(N)118368 |
| | | U Thura Kyaw | | 5/BATALA(N)052824 |
| ၆၃ | INTERUNION MYANMAR CO., LTD. | Ms. GENEVIEVE LIM POH LEE | Alanpya Pagoda Road, 103, Laypyaywun Plaza Dagon, Yangon Zawtika Street,18 Myaynigone, Sanchaung Yangon | E5955550J |
| | | Daw Phyu Thin Ei | | 9/MAKANA(N)099997 |
| | | U Thura Tun | | 12/KAMAYA(N)031270 |
| ၆၄ | JAE TONG INTERNATIONAL LOGISTICS COMPANY LIMITED. | Daw Naw Eha Thi Phaw | Shwe Tharaphi (3) Street, No.(H/98), (5) Ward, Hlaing Thar Yar TSP, Yangon | 14/MAAHPA(N)297943 |
| | | U Lauk Tar @ Aung Khant | | 13/LAYANA(N)191929 |
| ၆၅ | JAI RUI GARMENT COMPANY LIMITED. | U Kyee Fa @ U Aung Naing Win | Ngwe Sin Housing, No.96, Kaung Mu Tone Wuarter, Muse Township, Shan State | 12/KAMATA(N)065933 |
| | | U Kyee Swe @ Ye Aung | | 13/MAHSATA(N)041459 |
| ၆၆ | JU XIAN COMPANY LIMITED. | U Aik Chwan | No.63, (3) Street, Zayar Mon Ward, Kyeikehto Township, Mon State | 13/MAMATA(PYU)001070 |
| | | Daw Aye Shwe | | 13/NAMATA(N)058168 |
| ၆၇ | JULY KO KO TRADING CO.,LTD. | U Tun Lin Aung | Thukha Street, No. 214, 24 Ward, South Dagon Township, Yangon | 9/MAHTALA(N)004353 |
| | | U Zaw Myo Aung | | 12/DAGATA(N)062929 |
| ၆၈ | KANAUNG SCIENTIFIC (KSFE) COMPANY LIMITED. | Daw Moh Moh Ei Swe | Thumingalar Road, RM(201), 2nd Floor, Building 521(A+B), Shwe Naing Ngan Thit Mini Condo, South Oakkalar Township, Yangon | 12/HTATAPA(N)079473 |
| | | U Lin Win Thein | | 13/NYAYANA(N)087975 |
| | | U Thura Kyaw | | 12/MAYAKA(N)111971 |
| ၆၉ | KO HTET EXPORT IMPORT COMPANY LIMITED. | U Thet Naung Tun | (54) Street, No(448), 4th Floor, Botahtaung Township, Yangon | 12/OUKATA(N)190447 |
| | | U Zaw Zaw Aung | | 12/OUKATA(N)153775 |
| ၇၀ | KYEL SIN KHA COMPANY LIMITED. | U Aung Moe | Aung Theikdi Street, No. (40/KA), TA/15 Ward, Shwe Pyi Thar Township, Yangon | 12/LAMANA(N)009853 |
| ၇၁ | KY-THA INDUSTRIAL DEVELOPMENT COMPANY LIMITED. | Daw Mar Lar | Bayintnaung Road, No.7, 14 Quarter, Hlaing Township, Yangon | 12/KAMAYA(N)006572 |
| | | U San Tun | | 12/SAKHANA(N)048999 |
| ၇၂ | LASHIO GREEN LEAF COMPANY LIMITED. | U Aung Than Zaw | Anawyahta Street, No-22, Block 2, 27 Ward, North Dagon TSP, Yangon | 12/TAKANA(N)200920 |
| | | U Hsan Maung | | 13/LAYANA(N)187754 |
| ၇၃ | LIFE M.M.K COMPANY LIMITED. | U Sa Min Aung | No. (112/2), 29th Street, Latepyarkan Yonegyi Ward, Bago | 14/MAMANA(N)231673 |
| | | U Myint Aung | | 12/KHAYANA(N)107882 |
| | | U Kyaw Win | | 12/MAGATA(N)079450 |
| ၇၄ | LINEAGE POWER (MYANMAR) LIMITED. | Mr. VIJU VARGHESE VARGHESE | Yadanar Road, No. 23/B, 14th Ward, Yankin Township, Yangon | Z5126506 |
| | | Mr. MURALIDHAR ARUMALLA | | Y6329904 |
| | | Ms. PADMA VENUGOPAL MADDISETTY | | N5145213 |
| | | Mr. VENUGOPAL RAO MADDISETTY | | Z4515860 |
| ၇၅ | LINFRA LIMITED. | Mr. GABRIEL BOU GEBRAEL | 35th Street, No. 162, No. 2 Quarter, Kyauktada Township, Yangon | RL3511732 |
| | | Mr. MOHAMAD KHALED EL HAFFAR EL HABBAL | | LR0349166 |
| | | Daw Tin Wint Wint Lwin | | 12/YAKANA(N)020271 |
| ၇၆ | LINN WAI YAN COMPANY LIMITED. | U Khin Maung Oo | Botahtaung Zay Road, No(195), 6th Floor, Pazuntaung Township, Yangon | 12/BAHANA(N)090127 |
| | | U Lin Htut Ko | | 12/PAZATA(N)040055 |
| | | Daw San San Htay | | 12/PAZATA(N)040037 |
| | | U Saw Lwin | | 12/PAZATA(N)040103 |
| ၇၇ | LONG HENG (MYANMAR) MANUFACTURING COMPANY LIMITED. | Mr. HONG ZHENMEI | Myay Taing Block No. 144, Plot No.5 , South Dagon Myo Thit Township, Yangon | EH4770173 |
| | | Mr. LIN SHANGZENG | | G52498321 |
| | | Mr. LIN ZHONGMAN | | E60974095 |
| ၇၈ | LUCKY PARTNERS COMPANY LIMITED. | U Myint Zaw | No. (A/1), Shwe Myawaddy Street, Beside of New Myawaddy Market, Myawaddy Township, Kayin State | MGK-086018 |
| ၇၉ | LUCKY WIN COMPANY LIMITED. | U Nay Win Shein | Nant Phone Maw Street, Nant Phone Maw Quarter, Honmalin Township, Sagaing | 5/SAKANA(N)271640 |
| | | U Kyaw Myo | | 5/HAMALA(N)067254 |
| | | Daw Yin Yin Win | | 5/HAMALA(N)064441 |
| ၈၀ | M M N SHIPPING & SERVICES COMPANY LIMITED. | Daw Hnin Mar Lar | 122 Street, No.21, Third Floor, Mingalar Taung Nyunt, Yangon | 12/MAGATA(N)066130 |
| | | U Maung Maung | | 12/KATATA(N)003209 |
| ၈၁ | M2M MARKETING (MYANMAR) CO.,LTD. | Mr. PRINRAPHEE AKSORNKOSIN | No.9(P), Kyuan Tar (East) Village Group, Mudon Township, Mon State | AA7291547 |
| | | U Win Khine | | 10/MADANA(N)196482 |
| ၈၂ | MAJESTIC GLORY CO.,LTD. | | | |
| ၈၃ | MAL MA DI KO COMPANY LTD. | Daw Hay Mar Win | 87 Street, Ma(9),(6) Floor, Kan(West) Quarter, Mingalar-taungnyunt Township, Yangon | 12/NYALAPA(N)230077 |
| | | U Kyaw Win @ Shaw Phe Raman | | 12/MAGATA(N)118078 |

(ဆက်လက်ဖော်ပြပါမည်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၁**

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇွန် ၃၀ရက် ညနေပိုင်းက တောင်ကြီးမြို့ ပြည်နယ် အားကစားလေ့ကျင့်ရုံ၌ ကျင်းပသည်။

အဆိုပါဗိုလ်လုပွဲတွင် အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ် ပင်းတယမြို့နယ်အသင်းနှင့် မိုင်းဆတ်မြို့နယ်အသင်း၊ အမျိုးသားဗိုလ်လုပွဲစဉ်တွင် တောင်ကြီးမြို့နယ်အသင်းနှင့် လင်းခေးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသားသင်တန်းသူများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အမျိုးသမီးဗိုလ်လုပွဲစဉ်တွင် မိုင်းဆတ်မြို့နယ်အသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲစဉ်တွင် တောင်ကြီးမြို့နယ်အသင်းက နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အကောင်းဆုံးရိုက်ခုတ်ဆု၊ ပင့်ထောင်ဆု၊ နောက်ထိန်းဆု၊ စပေးဘောဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများ၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ပူးတွဲတတိယဆုရ တောင်ကြီးမြို့နယ်အသင်း၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ပင်းတယမြို့နယ်အသင်း၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ လွိုင်လင်မြို့နယ်အသင်း၊ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ရပ်စောက်မြို့နယ်အသင်း၊ အမျိုးသမီး ပိုက်ကျော်ခြင်း ဒုတိယဆုရ ပင်းတယမြို့နယ်အသင်း၊ အမျိုးသား ပိုက်ကျော်ခြင်း ဒုတိယဆုရ လင်းခေးမြို့နယ် အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က ဆုများချီးမြှင့်ပေးကြသည်။




ဆက်လက်၍ ပြည်နယ်အမျိုးသမီးအားကစားဆပ်ကော်မတီ နာယကပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီးပိုက်ကျော်ခြင်း ပထမဆုရရှိသည့် မိုင်းဆတ်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမျိုးသားပိုက်ကျော်ခြင်း ပထမဆုရရှိသည့် တောင်ကြီးမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဦးစီးကျင်းပသည့် သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်း အမှတ် (၂၇) ရှိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကျော်ဒင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကျော်ဒင်က နိုင်ငံတော်နှင့် သတင်းမီဒီယာ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း၊ အတွင်းရေးမှူး ဦးအေးချမ်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Digital နှင့် မီဒီယာခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက မီဒီယာဆိုင်ရာ ဆွေးနွေးမှုများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

အောင်မြင့်

(ပြန်/ဆက်)

# အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အခြေပြမြေပုံ ၂၀၂၅ စောင့်ကြည့်ရေးနှင့် အကဲဖြတ်လေ့လာခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ ASEAN–China Cooperation Fund (ACCF) ရန်ပုံငွေဖြင့် "အာဆီယံ လူမှု–ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာအခြေပြမြေပုံ ၂၀၂၅ စောင့်ကြည့်ရေးနှင့် အကဲဖြတ်လေ့လာခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်း" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Novotel Yangon Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံများမှ သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများက မြန်မာ့ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်း ဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်က online ဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက အာဆီယံ လူမှု–ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် အခြေပြမြေပုံ အကဲဖြတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းစနစ်များကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော နည်းပညာများနှင့် အသိပညာများကို အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် လုပ်ငန်းအစုအဖွဲ့များမှ တာဝန်ရှိသူများအား ဖြန့်ဝေပေးသွားခြင်းဖြင့် ထိရောက်မှုရှိသော အာဆီယံလူမှု – ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် အခြေပြမြေပုံအကဲဖြတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်တစ်ခု ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**တက်ရောက်**

အာဆီယံ လူမှု – ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အခြေပြမြေပုံ ၂၀၂၅ စောင့်ကြည့်ရေးနှင့် အကဲဖြတ် လေ့လာခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းကို CLMV နိုင်ငံများမှ တစ်နိုင်ငံလျှင် သင်တန်းသူ သင်တန်းသား ရှစ်ဦးစီနှင့် မြန်မာနိုင်ငံမှ အာဆီယံလူမှု–ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင် ဆက်စပ်လုပ်ငန်းအစုအဖွဲ့များမှ ကဏ္ဍတစ်ခုလျှင် တစ်ဦးစီဖြင့် ၁၅ ဦး စုစုပေါင်း ၃၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## စစ်တောင်းမြစ်ရေ မဒေါက်မြို့နှင့် ပဲခူးမြို့တို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ပေဝက်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**သတိပေးနှိုးဆော်**

သို့ဖြစ်၍ မဒေါက်မြို့နှင့် ပဲခူးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်း အသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရွှေစေတီဘာသာသန္တရသင်တန်းကျောင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာကို ပြင်ဆင်ဆောင်ရွက်နေမှု၊ စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စေတီပုထိုးများ၊ စာသင်တိုက်များ၊ သာသနာ့နွယ်ဝင်သီလရှင်စာသင်တိုက်များရှိ အပျက်အစီးများနှင့် နေအိမ်အဆောက်အအုံများရှိ အပျက်အစီးများကို အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုနှင့် စစ်ကိုင်းမြို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက်၊ ပုလဲငွေရောင်ရပ်ကွက်နှင့် မဟာအောင်မြေမြို့နယ် ရတနာဘုံမိရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် လေးကျွန်းမြေအုဋ်ကျောင်းရှိ သာသနိကအဆောက်အအုံအပျက်အစီးများအား အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ရတနာဘုံမိရပ်ကွက်ရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိနေအိမ်အဆောက်အအုံအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိလေကြောင်း အတတ်သင် လေတပ်စခန်းဌာနချုပ် မိုးလုံလေလုံအားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ် ဝင်းမောင်သိန်းနှင့် တပ်မတော်(လေ)မှ အရာရှိ/စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် လေတပ်စခန်း ဌာနချုပ်မှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် လေကြောင်းအတတ်သင် လေတပ်စခန်း ဌာနချုပ်အသင်းနှင့် မှော်ဘီလေတပ်စခန်းအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသား အသင်း ၁၄ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဇူလိုင် ၁၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

ခဲ့ရသည်။ နှစ်ဖက်သွင်းဂိုးပေါင်း ခုနစ်ဂိုးရှိသည်အထိ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။

အဆိုပါ ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရသည်။ အယ်ဟီလယ်အသင်းအတွက် အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ပွဲကစားချိန် ၁၁၂ မိနစ်တွင် မားကို့စ်လီယိုနာဒိုက သွင်းယူပေးခဲ့သည်။ မန်စီးတီးကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော အယ်ဟီလယ်အသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဘရာဇီးကလပ် ဖလူမီးနိစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဖလူမီးနိစ်အသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် နာမည်ကြီး အင်တာမီလန်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသည့်အသင်းဖြစ်သည်။

ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ဖလူမီးနိစ်က အယ်ဟီလယ်၊ ပါးမီးယပ်စ်က ချယ်ဆီး၊ ပီအက်စ်ဂျီက ဘိုင်ယန်မြူးနစ်၊ ရီးရဲမက်ဒရစ်နှင့် ဂျူဗင်တပ်စ်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းက ဒေါ့မွန်နှင့် မွန်တာရေးအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

ထပ်မံရွေးချယ်ခံရခြင်းဖြစ်သည်။ မြန်မာဖိုက်တာ ဂျီရှုအာဗန်သည် လက်စွမ်းပြ အနိုင်ရခဲ့သဖြင့် ဝါရင့် MMA ဖိုက်တာများ၏ ချီးကျူးခြင်းခံရသလို UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်ကိုလည်း စိန်ခေါ်ခွင့်ရရှိခဲ့သည်။

ညီမြတ်သော်တာ

ဓာတ်ပုံ-UFC

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားလေးဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ယူဂန္ဒာနိုင်ငံသားတစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦး၊ ကင်ညာနိုင်ငံသားတစ်ဦး၊ မာဒါဂက်စ်ကာနိုင်ငံသားတစ်ဦး စုစုပေါင်းလေးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ယူဂန္ဒာနိုင်ငံသံရုံး၊ နိုင်ဂျီးရီးယားနိုင်ငံသံရုံးနှင့် ကင်ညာနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မာဒါဂက်စ်ကာနိုင်ငံသံရုံးမှ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Kritiya Jantanamalaka နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၈၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်လိုက်မြို့၌ သဘာဝဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲနှင့် ငလျင်ဘေးသရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**မော်လိုက် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍သဘာဝဘေးအန္တရာယ်အသိပညာပေးဟောပြောခြင်းနှင့် ငလျင်ဘေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇွန် ၃၀ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မော်လိုက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွဲ့ယဉ်ဆန်းက ရေဘေးအန္တရာယ်၊ မီးဘေးအန္တရာယ်၊ လေဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဆောင်ရန်ရှောင်ရန်များကို ရှင်းလင်းပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုဌေးက ရှာဖွေကယ်ဆယ်ရေးပစ္စည်း ကိုင်တွယ်အသုံးပြုနည်းများကို လက်တွေ့သရုပ်ပြသခြင်းများ ပြုလုပ်သည်။

ယင်းနောက် ငလျင်ဘေးဇာတ်တိုက် လေ့ကျင့်ရာတွင် ငလျင်လှုပ်ခတ်ချိန် ကျောင်းသားကျောင်းသူများ ဘေးလွတ်ရာသို့ ထွက်ခွာခြင်း၊ ဒဏ်ရာရရှိသူများကို မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ပြီး ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့တို့မှ ယာယီဆေးခန်းသို့ ပို့ဆောင်ခြင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုများက ဒဏ်ရာရရှိ ကျောင်းသားများကို ကုသပေးခြင်း၊ ဒဏ်ရာရရှိသူများကယ်ဆယ်ပြီးစီး၍ မီးသတ်တပ်ဖွဲ့များ အဆောက်အအုံအတွင်းမှ ထွက်ခွာခြင်းတို့ကို တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုထက်(မြန်/ဆက်)**



မော်လိုက်မြို့၌ သဘာဝဘေးနှင့် ငလျင်ဘေးသရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်စဉ်။

# ၆-၇-၂၀၂၅ ရက်နေ့အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်


**နေပြည်တော် ဇူလိုင် ၁**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ၆-၇-၂၀၂၅ ရက်နေ့အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**


မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂-၇-၂၀၂၅ ရက်နေ့မှ ၃-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၄-၇-၂၀၂၅ ရက်နေ့မှ ၅-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၆-၇-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# အင်းစိန်မြို့နယ်၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်



**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မလမ်းရှိ ဝဇိရသာသနာ့ဗိမာန်တော်၌ ဇွန် ၂၉ ရက်က ရွာမဆရာတော်ကြီးနှင့် အောင်ဆန်းတောရတပ်ဦး ဆရာတော်ကြီး နှစ်ပါးတို့အား အာစရိယပူဇာကန်တော့မင်္ဂလာနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်အပ်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား တတိယအကြိမ်မြောက် ထပ်ဆင့်ဂုဏ်ပြုပူဇော်သည့် ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက်ကြီးနှင့် တိုက်ခွဲများ၏ အဓိပတိမဟာနာယကဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်ကြီးထံမှ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များက ဆရာတော်အရှင်သူမြတ်များအား ပူဇော်ဖွယ်ပစ္စည်းများဖြင့် ပူဇော်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ သာသနာတော်ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား တတိယအကြိမ်မြောက် ထပ်ဆင့်ဂုဏ်ပြုပူဇော်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ကြရာ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ထပ်ဆင့်ဂုဏ်ပြုအပူဇော်ခံ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ သာသနာဓဇ ဓမ္မာစရိယ အသောကာရုံ(ရွှေကျင်)ကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တနန္ဒသာရမထေရ်မြတ်အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ အနန္တဂုဏ်ရည် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဃောသိတအရှင်မြတ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ထပ်ဆင့်ဂုဏ်ပြုဆက်ကပ်ခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာ လျှောက်ထားတင်ပြခဲ့သည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**



# ရွှေပြည်သာမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ဇွန် ၃၀ ရက်က မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဦးစီးဌာနမှူး ဦးသက်ဝေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းလင်းကျော်တို့ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနတို့ပူးပေါင်းပြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောင်းကုန်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး



**ကျောင်းကုန်း ဇူလိုင် ၁**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စုပေါင်းသစ်ပင်စိုက်ပွဲကို ကျောင်းကုန်းမြို့နယ် ကျောင်းအိုင်ကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပွဲသို့ ကျောင်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြစန္ဒာညို ဦးဆောင်၍ အဖွဲ့ဝင်များက ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ မန်ကျည်းရှားစသည့် ပျိုးပင် ၈၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ်၌ ပန်းအလှပြင်သင်တန်းဖွင့်လှစ်

**ညောင်တုန်း ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သော ပန်းအလှပြင်သင်တန်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ဖွင့်လှစ်သင်ကြားခဲ့သည်။

သင်တန်းတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းစိုးအောင်က မြန်မာအမျိုးသမီးများနေ့ အကြောင်းအရာများနှင့် ပန်းအလှပြင်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ သင်တန်းနည်းပြများက ပန်းအလှပြင်ရာတွင် အရေးကြီးသည့်အခြေခံအချက်များကို လက်တွေ့ပို့ချရာ သင်တန်းသား သင်တန်းသူများက စိတ်ပါဝင်စားစွာ သင်ယူခဲ့ကြကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မက်မန်းမြို့နယ်၌ မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများအကြောင်း အသိပညာပေးဟောပြော

**မက်မန်း ဇူလိုင် ၁**

ရှမ်းပြည်နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများအကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုက အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံမှုတို့အတွက် ကာကွယ်စောင့်ရှောက်ပေးထားသည့် ရည်ရွယ်ချက် ခုနစ်ချက်မှ အခြေခံမူငါးချက်အကြောင်း၊ မြန်မာအမျိုးသမီးများနေ့ စတင်ဖွဲ့စည်းခဲ့သည့်အကြောင်း၊ “မြန်မာအမျိုးသမီးရေးရာ အဖွဲ့ချုပ်” ၏ ဆောင်ပုဒ်များအကြောင်းကို ဆွေးနွေးဟောပြောခဲ့သည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး ညွန့်ဝင်းက မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများအကြောင်းနှင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေးဥပဒေများအကြောင်း ဆွေးနွေးဟောပြောကြသည်။

ထို့နောက် “မြန်မာအမျိုးသမီးများနေ့” အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက် “မြန်မာအမျိုးသမီးများနေ့” အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **အေဇက်ထွန်း(မက်မန်း)**



# မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁**

မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့ရှိ




မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Friday Night Live Show အစီအစဉ်အဖြစ် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

မန္တလေးတက္ကသိုလ်ကြီးကို ၁၉၂၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် နှစ် (၁၀၀) ပြည့်မြောက်မည်ဖြစ်သကဲ့သို့ မန္တလေးမြို့မ တူရိယာအသင်းကြီးကလည်း ရာပြည့်အချိန်နှင့် တိုက်ဆိုင်နေသဖြင့် ဂုဏ်ယူစွာတီးခတ်ဖျော်ဖြေပေးမည်ဖြစ်ရာ နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသည့် သန်းမြတ်စိုး၊ ဖိုးသောကြာ၊ အိအိချွန်၊ မစံပယ်တို့နှင့်အတူ မန္တလေးမြို့မ တူရိယာအသင်း၏ ပင်တိုင်တေးသံရှင်များဖြစ်ကြသည့် ညီနေမင်း (မြို့မ)၊ အောင်မျိုးမြင့်၊ ကျော်ဌေးအောင်၊ စွမ်းရည်ထက်၊ ကျော်ဇင်၊ မြတ်နုသွေးနှင့် ပန်းအိန္ဒြေထက် (ပန်းလေး) တို့ကလည်း မန္တလေးတက္ကသိုလ်၏ အနှစ်သာရများကို ပေါ်လွင်ထင်ရှားစေသည့် ခေတ်အဆက်ဆက် ကျော်ကြားခဲ့သည့် မြို့မတေးသံသာများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

အစဉ်အလာကြီးမားသည့် မန္တလေးတက္ကသိုလ်ကြီးမှ ပညာရှင်များ၊ ထူးချွန်ပုဂ္ဂိုလ်များ၊ အနုပညာရှင်များ စသည့် ထူးချွန်ပုဂ္ဂိုလ်ပေါင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ရာ “မန္တလေးတက္ကသိုလ်ကြီး၏ ရာပြည့်အထိမ်းအမှတ်” ဂုဏ်ပြုတေးဂီတ ဖျော်ဖြေပွဲကို MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်၍ တစ်ချိန်တည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇူလိုင် ၆ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ဂျပန်နိုင်ငံ၌ ၁၈၉၈ ခုနှစ်နောက်ပိုင်း ဇွန်လမှာ အပူဆုံးလအဖြစ် မှတ်တမ်းဝင်

**တိုကျို ဇူလိုင် ၁**

ဂျပန်နိုင်ငံတစ်ဝန်းရှိ ပျမ်းမျှ အပူချိန်သည် ပုံမှန်ထက် ၂ ဒီဂရီစင်တီဂရိတ်ကျော် ပိုပူခဲ့သည့်အတွက် ဇွန်လသည် စံချိန်တင် အပူဆုံးလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဂျပန်မိုးလေဝသတာဝန်ရှိသူများက ပြောသည်။




ပြီးခဲ့သည့် ဇွန်လတွင် ပျမ်းမျှ အပူချိန်မှာ ပုံမှန်ထက် ၂ ဒသမ ၃၄ ဒီဂရီစင်တီဂရိတ် ပိုများခဲ့ကြောင်း၊ ယင်းမှာ ၁၈၉၈ ခုနှစ် မှတ်တမ်းစတင်ကောက်ယူသည့် အချိန်မှစ၍ အပူဆုံးလဖြစ်ကြောင်း မိုးလေဝသအေဂျင်စီက ဇူလိုင် ၁ ရက်တွင် ပြောသည်။

ထို့အပြင် ယခုနှစ်ဇွန်လ၏ အပူချိန်သည် လွန်ခဲ့သည့် ငါးနှစ်က မှတ်တမ်းတင်ထားသော ဇွန်လ၏ အပူချိန်ထက် ၁ ဒီဂရီစင်တီဂရိတ်ခန့် ပိုမိုပူပြင်းခဲ့ကြောင်း၊ လေဖိအားမြင့်ရပ်ဝန်းကြောင့် ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်မြင့်တက်မှုကို ဖြစ်ပေါ်စေကြောင်း သိရသည်။

ဇွန်လအတွက် ပျမ်းမျှအပူချိန်မှာ ဟော့ကိုင်းဒိုးခရိုင် အိုမူမြို့တွင် ပုံမှန်ထက် ၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ် ပိုပူခဲ့ပြီး ဆန်ဒိုင်းမြို့တွင် ပုံမှန်ထက် ၃ ဒသမ ၆ ဒီဂရီစင်တီဂရိတ် ပိုပူခဲ့သည်။ ယခုလတွင် ပြင်းထန်သောအပူချိန် ဆက်လက်တည်ရှိနိုင်ဖွယ်ရှိကြောင်း အေဂျင်စီတာဝန်ရှိသူများက ပြောသည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်သမ္မတ ထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ အမေရိကန်တွင် တွေ့ဆုံမည်

**ဝါရှင်တန် ဇူလိုင် ၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုတို့သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်၌ ဇူလိုင် ၇ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း မီဒီယာများတွင် ဖော်ပြသည်။ မစ္စတာထရမ့်သည် အစ္စရေးနှင့် အစ္စလာမ္မစ်အုပ်စု ဟားမားစ်နှစ်ဖွဲ့စလုံးကို ဂါဇာ၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူရန် တိုက်တွန်းလျက်ရှိသည်။

မစ္စတာနေတန်ယာဟု၏ လက်ထောက်ဖြစ်သူ အစ္စရေးမဟာဗျူဟာရေးရာဝန်ကြီး ရွန်ဒါမာသည် မစ္စတာထရမ့်၏ အဆင့်မြင့် အစိုးရအရာရှိများနှင့် အိမ်ဖြူတော်တွင် ယခုသီတင်းပတ်၌ တွေ့ဆုံမည်ဖြစ်ကြောင်း အိမ်ဖြူတော် သတင်းထုတ်ပြန်ရေးအဖွဲ့ အကြီးအကဲ ကာရိုလိုင်းလီဗစ်ဟာက ဇူလိုင် ၁ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

မစ္စတာထရမ့်သည် ဇွန် ၂၉ ရက်က လူမှုမီဒီယာပေါ်တွင် "ဂါဇာ၌ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ကြ" ဟု ရေးသားဖော်ပြခဲ့သည်။

သို့သော်လည်း အစ္စရေးတပ်ဖွဲ့များက ဂါဇာကို ဆက်လက်တိုက်ခိုက်လျက်ရှိသည်။ ဂါဇာမြောက်ပိုင်းရှိ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ပြီးနောက် ဇွန် ၃၀ ရက်တွင် အစ္စရေးတပ်ဖွဲ့များက ဂါဇာမြောက်ပိုင်းကို တိုက်ခိုက်ခဲ့သည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်နှင့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန် အချိန်ယူရဦးမည်ဟု အီရန်ပြော

**တီဟီရန် ဇူလိုင် ၁**

အီရန်နိုင်ငံသည် အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြန်လည်စတင်ရန် အချိန်ယူရဦးမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး အဘက်စ်အာရက်ချီက ပြောသည်။

အီရန်နှင့်အမေရိကန်နှစ်နိုင်ငံကြား နျူကလီးယားဆွေးနွေးပွဲ ပြန်လည်ကျင်းပနိုင်ခြေရှိမှုနှင့် ပတ်သက်ပြီး စီဘီအက်စ်သတင်း၏ မေးမြန်းမှုအပေါ် အာရက်ချီက ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ယခု သီတင်းပတ်ထက် နောက်မကျဘဲ စောနိုင်သမျှစောစွာ နှစ်နိုင်ငံကြားတွေ့ဆုံဆွေးနွေးမှု စတင်ဖြစ်ပေါ်နိုင်သည်ဆိုသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ပြောကြားချက်နှင့်ပတ်သက်ပြီး အာရက်ချီက မိမိအနေဖြင့် ယခုတွေ့ဆုံဆွေးနွေးမှုသည် မစ္စတာထရမ့်ထင်သကဲ့သို့ လျင်လျင်မြန်မြန်ဖြစ်ပေါ်လာလိမ့်ဦးမည်ဟု မထင်ကြောင်း ပြောသည်။




အမေရိကန်နှင့် မိမိတို့ ပြန်လည် ထိတွေ့ဆက်ဆံရန် ဆုံးဖြတ်ရာတွင် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုအတွင်း အမေရိကန်က မိမိတို့ကို တိုက်ခိုက်မှုများ မလုပ်ဘူးဆိုသည့် အချက်ကို ပထမဆုံး ကျိန်းသေအောင် လုပ်ဆောင်ရမည်ဟု အာရက်ချီက ပြောသည်။

ယခု အချက်တွေအားလုံးကို ထည့်သွင်းစဉ်းစားပြီး အချိန်ယူရဦးမည်ဟု မိမိထင်မြင်ယူဆကြောင်း သို့သော်လည်း သံတမန်တံခါးတွေကို မည်သည့်အခါမှ ပိတ်သွားမည်မဟုတ်ကြောင်း အာရက်ချီက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ ကြက်ညှာချောင်းဆိုးစံချိန်တင် မြင့်တက်

**တိုကျို ဇူလိုင် ၁**

ဂျပန်နိုင်ငံ၌ အပတ်စဉ်ဖြစ်ပွားလျက်ရှိသော ကြက်ညှာချောင်းဆိုးဖြစ်ပွားမှု စံချိန်တင်မြင့်တက်ခဲ့သည်။

ကြက်ညှာချောင်းဆိုးသည် ပြင်းထန်ပြီး အဆက်မပြတ်ချောင်းဆိုးခြင်းများကို ဖြစ်စေသည့် ကူးစက်ဗက်တီးရီးယားရောဂါဖြစ်သည်။ အသက်ခြောက်လအထိသာရှိသေးသည့် ကလေးများတွင် အသက်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည်။ လွန်ခဲ့သောသီတင်းပတ်အတွင်း ဂျပန်နိုင်ငံတစ်ဝန်းရှိ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများက အဆိုပါရောဂါဖြစ်ပွားသူ ၃၂၁၁ ဦးရှိကြောင်း သတင်းပေးပို့ဖော်ပြခဲ့သည်ဟု ဂျပန်ကျန်းမာရေးလုံခြုံမှုဆိုင်ရာအဖွဲ့အစည်းက ပြောသည်။

၂၀၁၈ ခုနှစ်မှစတင်၍ မှတ်တမ်းများအရ ယခုတစ်ကြိမ် ရောဂါဖြစ်ပွားမှုသည် အမြင့်ဆုံးဖြစ်သည်။ ခရိုင်များအနေဖြင့် တိုကျိုတွင် ၂၃၄ ဦး၊ ဆိုင်တာမာတွင် ၂၀၄ ဦး၊ ယိုဂိုတွင် ၁၄၇ ဦး၊ နာအီဂါတာတွင် ၁၃၆ ဦးနှင့် ချီဘာတွင် ၁၃၀ ရှိသည်။ ယခုနှစ်တွင် ရောဂါဖြစ်ပွားသူ ၃၅၈၁၀ ရှိသည်။

အင်န်အိတ်ချ်ကေ

# မာလီနိုင်ငံ၌ နိုင်ငံမဲ့သူများကို အကာအကွယ်ပေးမည့် ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းမှုကို UNHCR ကြိုဆို

**လူပေါင်း ၃၀၀၀၀ ကျော်ကို တရားဝင်စာရွက်စာတမ်းများရရှိအောင် ဆောင်ရွက်ပေးခဲ့**

**ဘာမာကို ဇူလိုင် ၁**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR) သည် မကြာသေးမီက နိုင်ငံမဲ့သူများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ အခြေ အနေများကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်သော မာလီနိုင်ငံ၏ ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းမှုကို ကြိုဆိုကြောင်း ဇွန် ၃၀ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

### အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်

မာလီနိုင်ငံတွင် အဆိုပါဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး နိုင်ငံမဲ့ဖြစ်မှုကို အဆုံးသတ်ရန် အစိုးရ၏ ကတိကဝတ်ကို ထင်ဟပ်စေသည်ဟုလည်း မာလီနိုင်ငံရှိ ခေတ္တ UNHCR ကိုယ်စားလှယ် ဂျော့ပက်ထရစ် မန်ဇီက ပြောသည်။

### မာလီနိုင်ငံသားများနှင့်အတူ တန်းတူအခွင့်အရေးပေး

အဆိုပါ ဥပဒေသည် နိုင်ငံမဲ့ ရွှေ့ပြောင်းနေထိုင်သူများနှင့် မာလီနိုင်ငံတွင် မွေးဖွားသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ အိမ်ရာနှင့် တရားမျှတမှုတို့တွင် မာလီနိုင်ငံသားများနှင့်အတူ တန်းတူအခွင့်အရေးပေးထားကြောင်း သိရသည်။

### နိုင်ငံမဲ့ဖြစ်မှုနှင့် ရင်ဆိုင်နေကြရ

ထို့အပြင် အဆိုပါဥပဒေသည် နိုင်ငံမဲ့သူများကို အထောက်အထားမဲ့မှုများကြောင့် ပြစ်ဒဏ်ပေးခြင်းမှလည်း အကာအကွယ်ပေးထားသည်။ မာလီနိုင်ငံတွင် ဒုက္ခသည်များနှင့် ဝေးလံခေါင်သီသော နယ်စပ်ဒေသတွင် နေထိုင်သူများသည် ခိုင်လုံသည့် အထောက်အထားမရှိသည့်အတွက် နိုင်ငံမဲ့ဖြစ်မှုနှင့် ရင်ဆိုင်နေကြရသည်။ ၂၀၁၇ ခုနှစ်မှစ၍ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ၏ အကူအညီနှင့်အတူ မာလီနိုင်ငံသည် လူပေါင်း ၂၄၀၀ ခန့်ကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုခဲ့ပြီး လူပေါင်း ၃၀၀၀၀ ကျော်ကို တရားဝင် စာရွက်စာတမ်းများရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ဓာတုစက်ရုံ ပေါက်ကွဲမှုကြောင့် ၃၆ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွား

**နယူးဒေလီ ဇူလိုင် ၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း တယ်လန်ဂါနာပြည်နယ်ရှိ ဓာတုစက်ရုံတစ်ရုံတွင် ဇွန် ၃၀ ရက်က ကြီးမားသည့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းနှင့် အဆိုပါပေါက်ကွဲမှုကြောင့် လူပေါင်း ၃၆ ဦးထက်မနည်း သေဆုံးပြီး ၃၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

### လူပေါင်း ၁၄၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိ

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ဆေးဝါးကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သော အဆိုပါစက်ရုံ၌ လူပေါင်း ၁၄၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးချေ။ ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့နှင့် မီးသတ်အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

### ဘေးကင်းရေးစီမံခန့်ခွဲမှုများနှင့်ပတ်သက်ပြီး မေးခွန်းထုတ်စရာဖြစ်လာ

၂၀၂၂ ခုနှစ် ဇွန်လက အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဓာတုစက်ရုံတစ်ရုံတွင်လည်း ပေါက်ကွဲမှုဖြစ်ပွားပြီး ရှစ်ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့သည်။ ဓာတုစက်ရုံ မကြာခဏပေါက်ကွဲမှုများကြောင့် ထုတ်လုပ်ရေးလုပ်ငန်းနေရာများတွင် ဘေးကင်းရေးစီမံခန့်ခွဲမှုများ စနစ်တကျ လုပ်ဆောင်ထားခြင်း ရှိ မရှိနှင့်ပတ်သက်ပြီး မေးခွန်းထုတ်စရာဖြစ်လာကြောင်း လေ့လာသူများက ပြောသည်။

အင်န်အိတ်ချ်ကေ

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး (ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေး အချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေး ကြေညာချက်






### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်း





# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ထိုက်ထိုက်တန်တန်အောင်မြင်မှုရရှိရေးဆီသို့ ...

ကိုဌေး(ကနောင်)



၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် အမျိုးသမီးဘော်လီဘော ယှဉ်ပြိုင်မှုမြင်ကွင်း။

အားကစားဟူသော ဝေါဟာရကို နိုင်ငံတကာ အဘိဓာန်များက **"ယှဉ်ပြိုင်မှုရှိသော ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှုပုံစံအားလုံးကို အားကစား"** ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

အားကစား၏ အဓိကရည်မှန်းချက်မှာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါ အားကစားမှာ တစ်ဦးချင်းယှဉ်ပြိုင်ရသောပြိုင်ပွဲများမှသည် လူပေါင်းရာထောင်ချီပါဝင်ယှဉ်ပြိုင်သော ပြိုင်ပွဲများအထိလည်းကောင်း၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသော အိုလံပစ်ပြိုင်ပွဲများအထိ လည်းကောင်း ကျင်းပလျက်ရှိနေပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် အားကစားအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေသည်။ ထို့မှတစ်ဆင့် အားကစားပြိုင်ပွဲများကို လက်နက်မပါသော တိုက်ပွဲများဟုပင် တင်စားခေါ်ဝေါ်လာနေကြပြီဖြစ်ပါသည်။

**အားကစားသည် အမျိုးသားရေးတာဝန်**

အားကစားသည် ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ အရှိန်အဝါနှင့် အနေအထားအရပ်ါ မြင့်မားလာသည်ဖြစ်ရာ ကျန်းမာရေးသက်သက်၊ အားကစားသက်သက်အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်လာခဲ့သည်။ သို့ဖြစ်ရာ အမျိုးသားရေးတာဝန်တစ်ရပ်၏ အဆင့်နှင့်အညီ အားကစားလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို အမျိုးသားအားကစားပွဲတော်အဖြစ် တစ်နိုင်ငံလုံးပါဝင်သည့် အားကစားပြိုင်ပွဲကြီးများ ကျင်းပပြီး အားကစားနည်းအလိုက် နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်နိုင်မည့် လက်ရွေးစင်အားကစားသမားများကို စိစစ်ရွေးချယ်လာကြခြင်းမှာ မဖြစ်မနေဆောင်ရွက်ရမည့် အရေးပါသော အဓိကလုပ်ငန်းတစ်ရပ်လည်း ဖြစ်လာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး ခေတ်အဆက်ဆက်ကပင် ကြိုးစားဆောင်ရွက်ခဲ့ကြပြီး ယခင့် ယခင်ကာလများကပင် ပြည်နယ်/ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ ကျင်းပကာ နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင် အားကစားသမားများကို ရွေးချယ်ပျိုးထောင်ပြီး နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့သည့် သာဓကများလည်း ခိုင်ခိုင်မာမာရှိခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် ၁၉၈၀ ပြည့်နှစ်များနောက်ပိုင်းတွင် မြန်မာ့အားကစားအဆင့်မှာ အရှေ့တောင်အာရှတွင် တဖြည်းဖြည်းကျဆင်းလာခဲ့ပြီး နိုင်ငံအလိုက် ရပ်တည်မှုမှာ အဆင့် ၇ အထိ ရောက်ရှိလာခဲ့ပါသည်။ ထိုသို့သော အခြေအနေကို ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်ကပင် ကြိုတင်ပြင်ဆင်မှုများဖြင့် ကြိုးစားခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ် အမျိုးသားအားကစားပွဲတော်များအား ကျင်းပပေးခဲ့သည့်အပြင် ဒီမိုကရေစီအစိုးရလက်ထက် ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးအား ပြန်လည်ကျင်းပပေးခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

**အားကစားပြိုင်ပွဲများကျင်းပခြင်းသည် နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်မှုရရှိရေး များစွာ အထောက်အကူပြုနေမှုများ**

အမျိုးသားအားကစားပွဲတော်ကြီးကျင်းပခြင်းမှာ အားကစားနည်းအလိုက် မျိုးဆက်သစ်များပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်မှုရရှိရေး အဓိကထား ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများပင်လျှင် မိမိတို့နိုင်ငံ၏ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းအားကစားပြိုင်ပွဲမျိုးစုံနှင့် နိုင်ငံတကာဖိတ်ခေါ်အားကစားပြိုင်ပွဲများအား ပုံစံအမျိုးမျိုးဖြင့် စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိရာ အားကစားနည်းအလိုက် အားကစားသမားများ၏ စွမ်းဆောင်ရည်နှင့် စံချိန်စံညွှန်းများ တိုးတက်အောင် ဖော်ဆောင်ပေးလျက်ရှိပါသည်။

အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ပထမအကြိမ် ကျောင်းသားလူငယ်အားကစားပြိုင်ပွဲ The First Student (Youth) Game ကို နန်နင်းမြို့တွင် ကျင်းပခဲ့ရာ အဆိုပါလူငယ်အားကစားပြိုင်ပွဲမှ ကမ္ဘာ့လူငယ်စံချိန် ၁၁ ခု ချိုးနိုင်ခဲ့ပြီး ထိုစံချိန် ၁၁ ခုအနက်မှ ကမ္ဘာ့စံချိန်တစ်ခု ချိုးနိုင်ခဲ့သည်အထိ အောင်မြင်မှုများ မြင့်မားခဲ့ကြောင်း သိရှိခဲ့ရပါသည်။

အဆိုပါပြိုင်ပွဲ၏ အကျိုးဆက်အဖြစ် ၂၀၂၄ ခုနှစ် ပြင်သစ်နိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့် ပါရီအိုလံပစ်ပြိုင်ပွဲကြီးတွင် တရုတ်နိုင်ငံအနေဖြင့် ရွှေတံဆိပ် ၄၀ ရရှိခဲ့ပြီး အမေရိကန်ပြည်ထောင်စုနှင့် ရွှေတံဆိပ်အရေအတွက် ရရှိမှုတူညီခဲ့သော်လည်း ငွေတံဆိပ် လျော့နည်းရရှိခဲ့မှုကြောင့် ဒုတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပခြင်းဖြင့် အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်နေရုံမျှမက လူငယ်ပြိုင်ပွဲများမှ ကမ္ဘာ့စံချိန်များကိုပင် ချိုးနိုင်ခဲ့ပြီး နောက်ဆုံးအဆင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိပါ အထောက်အကူပြုလျက်ရှိခြင်းကို ထင်သာမြင်သာရှိသည့် သာဓကအဖြစ် မြင်တွေ့နိုင်ပါသည်။

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး**

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအား ရေရှည်အထောက်အကူပြုနိုင်မည့် အမျိုးသားရေးဦးတည်ချက်များဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ဝင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အားကစားကွင်း/ အားကစားရုံများတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ပြီးလျှင် အားကစားနည်းအများဆုံးနှင့် ပြိုင်ပွဲဝင်အားကစားသမားအများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲ ကြီးတစ်ခုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါသည်။**

**ပဉ္စမအကြိမ်အမျိုးသားအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပခဲ့သည့် အားကစားနည်းများ**

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးတွင် ဝန်ကြီးဌာနအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲဟူ၍ ပြိုင်ပွဲအား အဆင့်သုံးဆင့်ခွဲခြားကာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဝန်ကြီးဌာနအဆင့်တွင် ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး(အမျိုးသား)၊ ပိုက်ကျော်ခြင်း(အမျိုးသား) နှင့် ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲဟူ၍ အားကစားနည်းခြောက်မျိုး ထည့်သွင်းကျင်းပပေးခဲ့ပါသည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် အားကစားနည်း ၂၃ နည်း ထည့်သွင်းကျင်းပပေးခဲ့ပြီး ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ဘတ်စကက်ဘော (အမျိုးသား)၊ ကြက်တောင် (အမျိုးသား/ အမျိုးသမီး)၊ ဘိလိယက်/စနူကာ(အမျိုးသား)၊ လက်ဝှေ့ (အမျိုးသား/အမျိုးသမီး)၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှု (အမျိုးသား/အမျိုးသမီး)၊ ခရစ်ကက် (အမျိုး သား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား/ အမျိုးသမီး)၊ ဖူဆယ်(အမျိုးသား/ အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို(အမျိုးသား/အမျိုးသမီး)၊ ကရာတေး (အမျိုး သား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး)၊ ရေကူး(အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/အမျိုးသမီး)၊ တိုက်ကွမ်ဒို(အမျိုးသား/အမျိုးသမီး)၊ တင်းနစ် (အမျိုးသား/ အမျိုးသမီး)၊ ရိုးရာခြင်းလုံး(အမျိုးသား/ အမျိုးသမီး)၊ မြန်မာ့သိုင်း(အမျိုးသား/အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုး သမီး)၊ ဗိုဗီနမ်(အမျိုးသား/အမျိုးသမီး)၊ အလေးမ(အမျိုးသား/အမျိုးသမီး)၊ ဝူရှူး (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲများ ပါဝင်ပါသည်။

မသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)၊ ရေကူး (အမျိုးသား/ အမျိုးသမီး)၊ ထိုင်လျက်ဘော်လီဘော(အမျိုးသား) နှင့် မျက်မမြင်စစ်တုရင် ( အမျိုးသား/အမျိုးသမီး) စသည့်အားကစားနည်းလေးမျိုး ထည့်သွင်းကျင်းပပေးခဲ့ပါသည်။

**ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားအင်အားနှင့် ဒိုင်/ဂျူရီအင်အား**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားအင်အားအနေဖြင့် ဝန်ကြီးဌာနအဆင့် ပြိုင်ပွဲများတွင် ၂၅၀၄ ဦး၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများတွင် ၆၀၂၉ ဦး၊ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ၁၈၃ ဦး စုစုပေါင်း ၈၇၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အားကစားပြိုင်ပွဲအသီးသီးတွင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည့် ဒိုင်/ဂျူရီအင်အားအနေဖြင့် ၈၂၃ ဦးခန့် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

*စာမျက်နှာ ၁၇ သို့*

- **ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးပြီးလျှင် အားကစားနည်းအများဆုံးနှင့် ပြိုင်ပွဲဝင်အားကစားသမားအများဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲကြီးတစ်ခုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့**
- **ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားအင်အားအနေဖြင့် ဝန်ကြီးဌာနအဆင့် ပြိုင်ပွဲများတွင် ၂၅၀၄ ဦး၊ ပြည်နယ် /တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများတွင် ၆၀၂၉ ဦး၊ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ၁၈၃ ဦး စုစုပေါင်း ၈၇၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြ**

## ကျိုင်းတုံမြို့၌ ဆေးဖက်ဝင်အပင်မျိုးစိတ်များ ထိန်းသိမ်းမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် MLC-Medicinal Plants စီမံကိန်း၏ သဘာဝဆေးဖက်ဝင်အပင်မျိုးစိတ်များ စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း နည်းပညာဆိုင်ရာ သင်တန်းအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်-၂ ဦးမင်းညိုတို့က အမှာစကားပြောကြားပြီး သစ်တောသုတေသနဌာန(ရေဆင်း)မှ ဒေါက်တာမူမူအောင်က မြန်မာနိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ သဘာဝဆေးဖက်ဝင် အပင်မျိုးစိတ်များ ကွင်းဆင်းစုဆောင်းခြင်း၊ စိုက်ပျိုးပြုစုခြင်း၊ ဆေးဖက်ဝင်အပင်များတွင် ပါဝင်သည့် ထူးခြားဂုဏ်သတ္တိရှိ ဓာတုဒြပ်ပေါင်းပါဝင်မှု စမ်းသပ်တွေ့ရှိမှုကို ဆွေးနွေးပြောကြားခြင်းနှင့် တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်ရှိ တောင်သူများအတွက် စိုက်ပျိုးပညာပေးသင်တန်းဖွင့်လှစ်

**မြို့သစ် ဇူလိုင် ၁**

မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအတွက် စိုက်ပျိုးပညာပေးသင်တန်းကို ဇွန် ၂၉ ရက်က မြို့နယ်စိုက်ပျိုးရေးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပဖွင့်လှစ်ရာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးငွေဆန်းက အမှာစကားပြောကြားပြီး ခရိုင်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက သီးနှံအထွက်နှုန်းတိုးတက်စေရေး ဆွေးနွေးရှင်းလင်းသည်။ ထို့နောက် တောင်သူများ၏ မေးမြန်းချက်များကိုဖြေကြားပေးသည်။

**ကိုဇော် (ပြန်/ဆက်)**



## မိုင်းဆတ်မြို့နယ် ကျေးလက်ပြည်သူ နှစ်ထောင်ကျော်အတွက် ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်

**မိုင်းဆန် ဇူလိုင် ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဝိန်းလိတ်ကျေးရွာသွားလမ်းပေါ်တွင် ကွန်ကရစ်တံတားတည်ဆောက်နိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာခြင်းကို ယမန်နေ့ကပြုလုပ်ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ တံတားတည်ဆောက်ရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမောင်ဆွေ၊ ခရိုင်ဦးစီးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။ ဝိန်းလိတ်ကျေးရွာသွား လမ်းပေါ်တွင် အဆိုပါတံတားကို အရှည်ပေ ၁၈၀ နှင့် အကျယ်ပေ ၂၀ ခန့် ကွန်ကရစ်တံတား တည်ဆောက်မည်ဖြစ်သည်။

မိုင်းဆတ်မြို့နယ်အတွင်း အဆိုပါကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေကျပ် ၁၅၀ ဒသမ ၁၉၅ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ထိုတံတားကြောင့် ကျေးရွာ ၁၇ ရွာမှ အိမ်ခြေ ၅၀၀ ကျော်နှင့် လူဦးရေ ၂၆၀၅ ဦးတို့ကို အကျိုးပြုနိုင်တော့မည်ဖြစ်သည်။

**ဇင်မာ**



## ကျိုက်ထိုမြို့နယ်၌ သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ကျိုက်ထို ဇူလိုင် ၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်နိုင်ရေး စုပေါင်းသရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ကဒက်ချောင်းရေထိန်းတံခါး၌ ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဝေယံအောင်က ကာကွယ်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ သရုပ်ပြလေ့ကျင့်သည်။ အဆိုပါနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ရပ်ရွာအတွင်းမှ ရပ်မိရပ်ဖများ၊ အသင်းအဖွဲ့များ၊ ဒေသခံများ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## အိမ်မဲမြို့နယ် ပညာဒေတီကာ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး



**အိမ်မဲ ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အ-ထ-က (၂)ပညာ့ဗိမာန်ခန်းမ၌ အိမ်မဲမြို့နယ် ပညာဒေတီကာ ငွေစုငွေချေးသမဝါယမအသင်း လီမိတက် ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့်အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက်က ကျင်းပရာ အသင်းသဘာပတိနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မင်းသိန်းတို့က အမှာစကားပြောကြားပြီး အသင်းအစီရင်ခံစာများအား တာဝန်ရှိသူများက ဖတ်ကြားသည်။ ထို့နောက် အသင်းသားများ၏ စုပေါင်းရွေးချယ်မှုဖြင့် အဖွဲ့ဝင်အသစ်များရွေးချယ်ကာ အသင်းဥက္ကဋ္ဌသစ်က မိတ်ဆက်စကားပြောကြားကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

*စာမျက်နှာ ၁၆ မှ*

**ချီးမြှင့်ပေးအပ်ခဲ့သည့် ဆုတံဆိပ်အရေအတွက်**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲ ၂၃ မျိုးအတွက် ရွှေတံဆိပ် ၂၃၈ ခု၊ ငွေတံဆိပ် ၂၃၈ ခု၊ ကြေးတံဆိပ် ၃၃၁ ခု စုစုပေါင်း ၈၀၇ ခု၊ ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲ ခြောက်မျိုးအတွက် ရွှေတံဆိပ် ၅၁ ခု၊ ငွေတံဆိပ် ၅၁ ခု၊ ကြေးတံဆိပ် ၅၁ ခု စုစုပေါင်း ၁၅၃ ခု၊ မသန်စွမ်းအားကစားပြိုင်ပွဲ လေးမျိုးအတွက် ရွှေတံဆိပ် ၅၀၊ ငွေတံဆိပ် ၅၀၊ ကြေးတံဆိပ် ၄၉ ခု၊ စုစုပေါင်း ၁၄၉ ခု၊ ပြိုင်ပွဲသုံးရပ်လုံးအတွက် ရွှေတံဆိပ် ၃၃၉ ခု၊ ငွေတံဆိပ် ၃၃၉ ခု၊ ကြေးတံဆိပ် ၄၃၁ ခု စုစုပေါင်း ၁၁၀၉ ခု ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

**ပြိုင်ပွဲကြီးအပြီးတွင် ရွေးချယ်ရရှိခဲ့သည့် မျိုးဆက်သစ်များနှင့် စံချိန်ချိုးခဲ့မှုမှတ်တမ်းများ**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အပြီးတွင် အားကစားနည်း ၂၃ မျိုးအတွက် လူငယ်မျိုးဆက်သစ်အမျိုးသားအင်အား ၅၄၀ ကျော်၊ အမျိုးသမီးအင်အား ၃၀၀ ကျော် စုစုပေါင်းအင်အား ၈၄၀ ကျော်ရွေးချယ်ရရှိခဲ့ပြီး ပြေးခုန်ပစ်အားကစားနည်းမှ လမ်းလျှောက် Event တွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးတို့က အနီးကပ်ဆုံးကျင်းပပြီးစီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲစံချိန်များအား လည်းကောင်း၊ အမျိုးသားတစ်ဦးက သံလုံးပစ်အားကစားနည်းတွင် ဝန်ကြီးဌာနစံချိန်နှင့် မြန်မာပြည်စံချိန်အားလည်းကောင်း၊ အလေးမပြိုင်ပွဲတွင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့က မြန်မာပြည်စံချိန်များအား ချိုး၍ စံချိန်သစ်များတင်နိုင်ခဲ့ကြကြောင်း သိရှိရပါသည်။

**မြန်မာ့အားကစား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဖော်ဆောင်ရမည့် လူထုအားကစား**

မြန်မာ့အားကစားရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များစွာရှိသော်လည်း မဖြစ်မနေ တစိုက်မတ်မတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစဉ်တစ်ခုမှာ **“လူထုအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လာစေရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်ခြင်း၊ စည်းရုံးဆောင်ရွက်ခြင်းများအပြင် လူထုအားကစားလှုပ်ရှား ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများအား အများပြည်သူများ (ကျောင်းသား ကျောင်းသူများအပါအဝင်) ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး အင်တိုက်အားတိုက် လိုက်ပါဆောင်ရွက်လာစေရေးအတွက် အားကစားအသိပညာပေးလုပ်ငန်းများအား ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရေးပင် ဖြစ်ပါသည်။”**

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်း၏ အမျိုးသားရေးဦးတည်ချက်များ အောင်မြင်စေရေး**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးအား နိုင်ငံတော်က အမျိုးသားရေးဦးတည်ချက် (၅) ရပ်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပပေးခဲ့ခြင်းဖြစ်ပါသည်။ ပြိုင်ပွဲကြီးမှ အားကစားနည်းအလိုက် မျိုးဆက်သစ်များလည်း မြောက်မြားစွာ ပေါ်ထွက်ခဲ့ပြီးဖြစ်ရာ ရရှိခဲ့သည့် မျိုးဆက်သစ်အားကစားသမားများနှင့် ယခင်ရှိပြီး မြန်မာ့လက်ရွေးစင်၊ ပဏာမလက်ရွေးစင် အားကစားသမားများအား ထိရောက်စွာအသုံးချ၍ မြန်မာ့အားကစားအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာစေရေးအတွက် လည်းကောင်း၊ မကြာမီကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ထိုက်ထိုက်တန်တန်အောင်မြင်မှုရရှိစေရေးအတွက်လည်းကောင်း၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမို စိတ်ပါဝင်စားလာပြီး အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လာစေရေးအတွက် လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များက ဆက်လက်အကောင်အထည်ဖော်ပေးကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။




''Cooperatives Driving Inclusive and Sustainable Solutions for a Better World"

**“သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကိုတည်ဆောက်ကြပါစို့”**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အမျိုးသမီးခြောက်ဦးအပေါ် အကြောင်းမဲ့ ရက်ရက်စက်စက် နှိပ်စက်ခဲ့ကြတဲ့ ပခုက္ကူမှ ပြည်သူ့ကာကွယ်ရေးဆိုတဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“သစ္စာရှိလက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၈၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)က ဦးစီး၍ သန်လျင်မြို့နယ်၌ ကွင်းဆင်းကုသ

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) က ဦးစီး၍ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးဆရာအသင်းနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာနေ ပြည်သူများအား စစ်စီးတော ဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆေးကုသပေးသည်။



ထိုသို့ကွင်းဆင်းဆေးကုသရာတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) နာယက ဦးအောင်မြတ်ကျော်၊ တိုင်းဒေသကြီးတာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်း (ရွှေမန်းတောင်)၊ တိုင်းဒေသကြီးဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်၊ ရန်ကုန်တိုင်းရင်းဆေးရုံအုပ် ဒေါ်စိုးစိုးမွန်နှင့် ဝန်ထမ်းများ၊ ရန်ကုန်တောင်ပိုင်းခရိုင် တိုင်းရင်းဆေးပညာဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် ဆရာ ဆရာမများ၊ တိုင်းရင်းဆေးသမားတော်ကြီးများ ပါဝင်သောအဖွဲ့က ကျေးရွာနေပြည်သူများအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အဆစ်ရောင်လေးဖက်နာ၊ အကြောတက်ကိုက်ခဲ၊ လေဖြတ်လေငန်း၊ အာရုံကြောအားနည်း၊မီးယပ်ရောဂါများကို သောက်ဆေး၊ လိမ်းဆေးပေးခြင်း၊ ဆေးကြပ်ထုပ်ထိုးခြင်း၊ အကြောပြင်ကုသခြင်း၊ ဆေးစည်းပေးခြင်းများပြုလုပ်၍ ကုသမှုပေးသည်။

ယနေ့ ကွင်းဆင်းကုသပေးရာတွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ကျေးရွာနေပြည်သူ စုစုပေါင်း ၂၀၄ ဦးတို့ကို တိုင်းရင်းဆေးဖြင့် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**နိုင်ငွေးအောင်**



## တောင်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

**တောင်ကြီး ဇူလိုင် ၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦးက အခွန်ထမ်းပြည်သူများအား နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေရရှိရေး၊ တည်ဆဲအခွန်ဥပဒေများနှင့်အညီ စည်းကြပ်ကောက်ခံသွားရန် လိုအပ်သည့်အခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အခွန်ပေးဆောင်မှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ရှောင်လမ်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၅၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅၅၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လိုက်မြို့ မြို့မ(၁)ရပ်ကွက်၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀) ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သင်းခွေချပ်ကြေးခွံ ၂၄ ပိဿာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀) ကို ဇီဝမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရလည်းကောင်း၊ တရားမဝင်နံ့သာဖြူတုံး (အစို) ၆၅ ပိဿာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၆၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၄၂၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့အတွင်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၅၆ ပီပါ၊ ဓာတ်ဆီခုနစ်ပီပါ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၇၄၄၃၉ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၃၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ခြောက်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၂၈၂၈၆၃) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

**ပေါင်းတည် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာန၏ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက ရွာပုလဲကျေးရွာ၌ ကျင်းပသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့်အဖွဲ့ဝင်များသည် မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ကြပ်တာဝန်ခံဝန်ထမ်းများနှင့် ဒေသခံတောင်သူ ၇၀ တို့နှင့်အတူ ရွာပုလဲကျေးရွာ၊ ကွင်းအမှတ်-၁၁၃၀(A) ရှိ တောင်သူ ဦးမျိုးနိုင်ဦး၏ စိုက်ပျိုးမြေငါးဧကအတွင်း မျိုးကောင်းမျိုးသန့် အထွက်ကောင်းရက် ၁၂၀ ဗီယက်နမ်စပါးအား ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး မြို့နယ်စက်မှုလယ်ယာဦးစီးမှူးက တောင်သူများအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၏ အကျိုးရလဒ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**



**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁-၇-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၁၆၂။ | ဦးသန်းထွန်းဦးမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၁၀၁၆၃။ | ကွယ်လွန်သူဦးအေးကိုအားရည်စူး၍ ဇနီးဒေါ်ဥမ္မာမြင့် (သား)မောင်နိုင်စိုးဟိန်း၊(သမီး) မရတနာမိသားစုကောင်းမှု | ၁၅၀၀၀၀၀ |
| ၁၀၁၆၄။ | ကွယ်လွန်သူဦးတူးနှင့် မိခင်ဒေါ်သန်းချစ်တို့အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၁၆၅။ | ဦးသက်ကိုကိုမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၁၆၆။ | ကိုတူးကိုကိုနှင့်ဇနီး မဆုမွန်ဖြိုးဝေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၁၆၇။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၁၆၈။ | ဦးသုတနှင့်ဇနီး ဒေါ်ဆန်းဆန်းလွင်၊ (သမီး)မသုန္ဒရီသုတမိသားစုကောင်းမှု | ၁၇၀၀၀၀ |
| ၁၀၁၆၉။ | ဦးမျိုးဝင်းနှင့်ဇနီး ဒေါ်တင်တင်ပြုံး၊ (သား)မောင်သန့်စင်ဝင်း၊ (သမီး)မအိရွှေစင်အောင် မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၁၇၀။ | ဦးဇော်မင်းသန့်နှင့်ဇနီး ဒေါ်သန်းသန်းယဉ်၊ (သမီး)မဆုပြည့်မင်းသန့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၁။ | မနှင်းနှင်းဝေမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၂။ | မယဉ်ယဉ်အေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၃။ | မရွှေခင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၄။ | မဝင်းသန္တာမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၅။ | ဦးထွန်းမင်းလတ်နှင့်ဇနီး ဒေါ်ခိုင်နှင်းဖြူ၊ (သမီး)မအိန္ဒြာထွန်းမင်း၊ မနှင်းလွင်ထွန်းမင်း မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၆။ | ဒေါ်နိုင်နိုင်ရွှေမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၁၇၇။ | ဦးမျိုးဝင်းနှင့်ဇနီး ဒေါ်လှလှအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၇၈။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နီလာလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၇၉။ | ကိုဇော်ဇော်ထွန်းနှင့်ဇနီး မနီနီအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၀။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်အေးအေးသင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၁။ | ကိုရှိန်းပြည့်ထွန်းနှင့်ဇနီး မရွှေစင်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၂။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်နွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၃။ | ကွယ်လွန်သူဦးကျော်ချစ်အားရည်စူး၍ ဒေါ်ခင်သူဇာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၄။ | ကိုသက်နိုင်နှင့်ဇနီး မနှင်းဝတ်ရည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၅။ | ဒေါ်သန်းသန်းအိမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၆။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နီလာဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၇။ | ဦးထွန်းလွင်နှင့်ဇနီး ဒေါ်လှနုဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၈။ | ဦးစန်းကိုနှင့်ဇနီး ဒေါ်ခင်ခင်ပွားမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၈၉။ | ဦးမြင့်အောင်နှင့်ဇနီး ဒေါ်သန်းအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၀။ | ဦးအောင်မိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၁။ | ဒေါ်ခင်စန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၂။ | ဦးစိုးနိုင်ဦးနှင့်ဇနီး ဒေါ်အေးအေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၃။ | ဦးဘိုလေး(၆၂)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၄။ | ကိုထွန်းဝေနှင့်ဇနီး မဟေမာဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၅။ | ဦးကျော်သန်းစိန်နှင့်ဇနီး ဒေါ်သန်းသန်းဝေ၊ (သမီး)မဝင့်သီရိကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၁၉၆။ | ဦးသန်းလွင်ဦးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၁၉၇။ | ကွယ်လွန်သူတပ်ကြပ်ကြီးထွန်းထွန်းဝင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၁၀၁၉၈။ | ဒေါ်စမ်းစမ်းစိမ်းမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၁၀၁၉၉။ | ဦးဇင်မောင်မောင်နှင့်ဇနီး ဒေါ်ဆုသန္တာဟန်၊ (သား)မောင်မြတ်မောင်ဟန်၊(သမီး)မပန်းမြတ်သန္တာမောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၀။ | ဦးသိန်းလင်းနှင့်ဇနီး ဒေါ်မေသကြိန်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၁။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးအုန်းနိုင်နှင့်ဇနီး ဒေါ်လှမျိုးကြွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၂။ | ဦးထိန်ဝင်းစိုးနှင့်ဇနီး ဒေါ်သင်းသိမ့်သိမ့်သင်း၊ (သမီး) မဆုရွှေရည်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၃။ | ဦးဇော်မင်းနိုင်နှင့်ဇနီး ဒေါ်ခင်လေးနိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၄။ | ဦးသန်းဦးနှင့်ဇနီး ဒေါ်အေးမြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၅။ | ကွယ်လွန်သူဒေါ်ဝင်းကြည်နှင့် မောင်သန်းငွေတို့အား ရည်စူး၍ ဦးခင်ထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၆။ | ကွယ်လွန်သူ ဘိုးဘွား၊ မိဘနှင့် သမီး ဒေါ်ဝင်းဝင်းတင် တို့အားရည်စူး၍ ဒုတိယဗိုလ်မှူးကြီးတင်အောင်နိုင်(ငြိမ်း) နှင့်ဇနီး ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၅၁၁၁၁ |
| ၁၀၂၀၇။ | ရဲမှူးဦးကျော်သိန်းနိုင်နှင့်ဇနီး ဒေါ်အေးမိမိခင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၈။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်စန်းစန်းမော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၀၉။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဒေါ်အေးအေးစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၀။ | ကွယ်လွန်သူဦးစိန်လွင်အားရည်စူး၍ ကျန်ရစ်သူ ဒေါ်သန်းသန်းအေး၊ (သား)မောင်ဟန်သာဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၁။ | ကွယ်လွန်သူဦးတင်သောင်းအားရည်စူး၍ ဒေါ်မြရီ နှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၂။ | ဦးရဲနိုင်နှင့်ဇနီး ဒေါ်ခင်သောင်းကြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၃။ | ဦးဇော်ထက်နိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်ခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၄။ | ဦးဝင်းကြည်နှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၅။ | ဦးကျော်စိုးနှင့်ဇနီး ဒေါ်အေးမြင့်ကြည်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၆။ | မဖြူအေးမွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၇။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်တင်မြင့်၊ (သမီး)မခင်ခင်မျိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၈။ | ဦးသာရွှေနှင့်ဇနီး ဒေါ်မြတ်ညွှန့်၊ သား၊ သမီး၊ မြေးတစ်စု ကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၁၉။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်ငွေငွေမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၂၀။ | ဦးမင်းမင်းနှင့်ဇနီး ဒေါ်ရွှန်းလဲ့ချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၂၁။ | ဦးငွေဝင်းနှင့်ဇနီး ဒေါ်လေးလေးဝါးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၂၂၂။ | ဦးမောင်မောင်နှင့်ဇနီး ဒေါ်နှင်းဟေမာဇော်မိသားစု ကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၃၂၁၆**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကံသာရပ်ကွက်နေ (ဘ)ဦးထွန်းဝေ၏သား မောင်ထင်လင်းဝေ ၁၃/တကန(နိုင်) ၂၅၂၆၆၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI-901589) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၈၃၆၆၈၃

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်နေ (ဘ)ဦးစိုင်းဆမ်၏သမီး နန်းခမ်းနွံ့ ၁၃/တကန(နိုင်) ၃၀၁၁၈၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-458530)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၅၄၃၄၆၆

## အမည်မှန်

ဦးခွန်သန်းအောင် ၁၃/ဟပန (နိုင်)၀၄၅၁၅၃၏သား ကလောမြို့နယ်၊အောင်ပန်းမြို့၊ အထက(၅) GRADE–12 မှ မောင်ရဲဖြိုးအောင်၏ အမည်မှန်မှာ ခွန်ဖြိုးအောင် ၁၃/တကန(နိုင်)၄၁၆၃၃၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဖားဆောင်းမြို့နယ်၊ မြောက်ပိုင်းရပ်ကွက်နေ ဒေါ်နီနီလွင်၏ဖခင် ဦးနာတားလယ်နှင့် ဦးနဘားလယ် ၂/မစန(နိုင်) ၀၀၁၂၂၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စိုင်းသန်းအောင်ကျော်၏သား တောင်ကြီးမြို့၊ Shining Stars မသွယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade(6)မှ စိုင်းခေးလီ (ခ) စိုင်းခေးခေးဟိန်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တစ်လုံးကြီးမြို့၊ နောင်ကားကျေးရွာအုပ်စု၊ ပုံးအယ်ကျေးရွာနေ နန်းတင်နွယ်အေး ၁၃/တကန(နိုင်) ၃၈၅၆၉၅၏ ဖခင် ခွန်ကျော်စိန် ၁၃/တကန(နိုင်)၁၁၈၉၆၀ (ခ) ဦးကျော်စိန်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်း(၂)ခု အတွက် ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်း(၂)ခုအတွက် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ပဲခူးမြို့၊ ဟံသာဝတီမြို့ဟောင်း အင်းဝတံခါး ဝဲယာ ကျုံးနှင့် မြို့ရိုးကြား မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်း**

(ခ) **တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း မြောက်ဘက်ခြမ်း ကျုံးနှင့် မြို့ရိုးကြား မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်း**

၂။ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ဆောင်ရွက်မည့် အစီအစဉ်မှာအောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ** - ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပဲခူးဌာနခွဲ၊ ပဲခူးမြို့

(ခ) **တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်** - ၂-၇-၂၀၂၅ရက်

(ဂ) **တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၇-၂၀၂၅ရက် (ညနေ ၃:၀၀ နာရီတိတိ)

(ဃ) **အိတ်ဖွင့်တင်ဒါပြန်လည် တင်သွင်းရမည့်နောက်ဆုံး ရက်နှင့် အချိန်** - ၁၆-၇-၂၀၂၅ရက် (ညနေ ၃:၀၀ နာရီတိတိ)

(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေ့ရက်၊ အချိန်နှင့်နေရာ** - နေ့ရက်၊ အချိန်နှင့်နေရာအား သက်ဆိုင်သူများထံ အချိန်မီ ပြန်လည်အကြောင်းကြားပေးပါမည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ် သိရှိလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ ပဲခူးဌာနခွဲရုံးသို့ ရုံးချိန်အတွင်း လာရောက်၍လည်းကောင်း၊ ရုံးဖုန်းနံပါတ် ၀၉-၄၃၀၁၃၉၁၆၈ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ဖြူဟ္မစိုရ်လမ်း၊ မြေကွက်အမှတ်(၇၈၃/က)၊ မြေပေအကျယ်(၂၀ x ၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ခင်အေးလွင် ၁၂/ဥကတ(နိုင်) ၁၃၅၄၈၀ ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင် အုပ်ညှပ်(၂-ထပ်)လုံးချင်းနေအိမ် အပါအဝင်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာ ပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါ်ချိုမာစန်း ၈/မကန(နိုင်)၁၈၉၉၅၅၊ ကန်သာကြီးကျေးရွာ၊ မကွေးမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးချမ်းကိုကိုဦး(ခ)ကျော်သက်၊ ၁၄/ခနဖ(နိုင်)၁၃၄၄၃၉ (ဘ) ဦးတလုပ်၊ ခနုဖြူမြို့နေသူတို့သည် ၂၀၂၃ ခုနှစ်မှစတင်ကာ ပေါင်းသင်းဆက်ဆံခြင်းမရှိတော့ကြောင်း တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်သဖြင့် ဦးချမ်းကိုကိုဦးနှင့် ပတ်သက်သော ကိစ္စအရပ်ရပ်အား ကျွန်မနှင့်လုံးဝသက်ဆိုင်ခြင်းမရှိတော့၍ ဦးချမ်းကိုကိုဦးနှင့် ထပ်မံဆက်နွှယ်သော လူမှုရေး၊ စီးပွားရေး၊ အခြားကိစ္စရပ်များအား ကျွန်မထံသို့လည်းကောင်း၊ ကျွန်မ၏ဆွေမျိုးသားချင်းထံသို့လည်းကောင်း၊ စုံစမ်းမေးမြန်းခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ တစ်စုံတစ်ရာ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးကိုကိုထွေး (LL.B) အထက်တန်းရှေ့နေ၊ စဉ် (၅၃၂၃၄)**
**အမှတ် (၃၀၈)၊ သဇင် (၄)လမ်း၊ ရန်မျိုးနိုင်ရပ်ကွက်၊ မကွေးမြို့၊**
**ဖုန်း-၀၉-၄၃၁၃၈၆၈၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာ(၃)လမ်း၊ မြေကွက်အမှတ်(၂၁၅/ခ)၊ မြေပေအကျယ်(၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်စန်းကြည် (N/RGN-၀၁၉၁၆၇) ၉/ပသက(နိုင်)၀၀၃၂၀၀က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁)ထပ်ပျဉ်ထောင်လုံးချင်း နေအိမ်အပါအဝင်သည် အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒ ဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## (တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၄ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် -၉၈၈

ဦးထွန်းလင်း နှင့် ၁။ ဒေါ်စန်းစန်းဌေး
၂။ ဒေါ်တင်တင်ထွေး
၃။ ဒေါ်ဟင်စိန်

**(အယူခံတရားလို)** **(အယူခံတရားပြိုင်များ)**

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၃၁ရက်စွဲပါ ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀၈/၂၀၂၃ အမှုတွင် ချမှတ်သော အမိန့်ကိုအယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ သုခုမလမ်း၊ အမက(၂)ကျောင်းဝင်းနေ အယူခံတရားပြိုင်(၁) ဒေါ်စန်းစန်းဌေး (ယခုနေ ရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁၇ရက် (၁၃၈၇ခုနှစ်၊ ဝါဆိုလဆုတ် ၈ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့် ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးသင်းအောင်)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ-၂၀)

## မဟာအောင်မြေခရိုင်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၄

ဒေါ်နီလာ(ခ) နှင့် ဒေါ်သင်းသင်းလှိုင်
ဒေါ်ရန်ပင်ဟွေ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်(မ-၂၃) နေ ဒေါ်သင်းသင်းလှိုင်(ယခုနေရပ်လိပ်စာမသိသူ)အားသိစေရမည်။

သင့်အပေါ်၌ တရားလိုက "အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု "ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူတရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီနီမြင့်)
ဒုတိယခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းရွာ၊ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်ခင်သန်းအေး (ခ) ဒေါ်ခင်သန်းဇ ၈/ပဖန(နိုင်) ၀၂၅၆၆၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်သန်းအေး(ခ)ဒေါ်ခင်သန်းဇ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းရွာ၊ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်း အုပ်ဆရာကြီး ဦးထွေးလွင် ၈/ထလန(နိုင်) ၀၀၁၉၇၁ ၏ ဖခင်အမည်မှန်မှာ ဦးသိန်းမောင်(ခ) ဦးသိမ်းမောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/28141, Zong Shen-110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပြည့်မောင်မောင် ၉/ခအဇ (နိုင်) ၀၁၇၅၄၈က မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 84W/54623 ယာဉ်လက်ဝယ်ရှိသူ ဦးမာဒင် ၉/ဝတန (နိုင်) ၀၉၂၄၃၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ခရိုင်ရုံး (ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ဒေါ်ချိုချိုဝင်းနှင့် အများသိစေရန် ကြေညာခြင်း

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ ကရုဏာလမ်း၊ နယ်မြေ(၂၂)၊ အိမ်အမှတ်-၆၆၊ အရှေ့လားသော်-ကရုဏာလမ်း၊ အနောက်လားသော်-ဦးဖိုးတုတ် + ဒေါ်မာရီ၊ တောင်လားသော် - ဦးအောင်+ဒေါ်စောကြည် နေအိမ်၊ မြောက်လားသော် - ဦးအောင်ဝင်း + ဒေါ်ထူးထူး နေအိမ် စသည့်အလားလေးရပ်အတွင်းရှိ (၂၀ x ၆၀) သွပ်မိုးကပ်ကာနေအိမ်မှာ မိဘများဖြစ်သော ဦးချိုနှင့် ဒေါ်တင်ဆွေ (ခ) ဒေါ်တာ တို့မှ ဝယ်ယူထားသော အိမ်ဝင်းမြေဖြစ်ပါသည်။ ဦးချို + ဒေါ်တာတို့မှ မွေးဖွားသော မွေးချင်းမောင်နှမ (၆)ဦး ရှိပါသည်။ ယခုအခါတွင် မိဘများကွယ်လွန်ပြီးဖြစ်၍ အဆိုပါ ဝင်းမြေမှာ ကျန်မောင်နှမအားလုံးနှင့် သက်ဆိုင်သည့်အတွက် ၎င်းဝင်းမြေထဲ၌ လက်ရှိနေထိုင်လျက်ရှိသော ဒေါ်ချိုချိုဝင်းမှ ကျန်မောင်နှမများ သိရှိခြင်းမရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်းတို့ လုံးဝမပြုလုပ်ရန် အသိပေးတားမြစ်ကြောင်း ဒေါ်ချိုချိုဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ ဦးနိုင်ဦး ၂။ ဒေါ်အိအိချို**
**၃။ ဦးနိုင်စိုးလင်း ၄။ ဒေါ်ရွှေလီနှင်း**
**(လွှဲအပ်ညွှန်ကြားသူများ)**

**ဒေါ်သွယ်သွယ်ဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်- ၁၅၀၈၄**
**(လွှဲအပ်ညွှန်ကြားချက်အရ)**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မဟာဗောဂလမ်း၊ အိမ်အမှတ်-၃၁၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၃၁ ၊ ဧရိယာ(၀.၀၅၅) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် (၁) ဦးကျော်ဇင်လင်း (၁၂/လသယ(နိုင်)၀၁၈၃၀၁)၊ (၂) ဒေါ်ခင်စုဟန်(၁၂/လသယ(နိုင်)၀၂၉၅၅၁)၊ (၃) ဒေါ်ခိုင်စုဟန်(၁၂/လသယ(နိုင်)၀၃၁၇၁၉)အမည်ပေါက်တည်ရှိသော မြေကွက်ဖြစ်ပါသည်။ ၎င်းအမည်ပေါက်သူများထံမှ ဦးမောင်မောင်စန်း (၁၂/လမတ(နိုင်)၀၁၄၂၁၂) သည် (၈-၅-၂၀၂၅) ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုဝယ်ယူပိုင်ဆိုင်သူ ဦးမောင်မောင်စန်း ထံမှ ကျွန်တော်၏ မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်ညှိနှိုင်း သဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၄၉)**
**အမှတ်-၃(B) ၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ ၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၂၃၆၈၈၉၉**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)

## ပုသိမ်ခရိုင်တရားရုံး

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄

မန်နေဂျာ နှင့် ၁။ ဦးချစ်ကိုကို
မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့ ၂။ ဦးအောင်လှိုင်
(တရားလို) (တရားပြိုင်များ)

ပုသိမ်မြို့၊ ကမ်းနီရပ်၊ ပုသိမ်-ငွေဆောင်လမ်း နေ တရားပြိုင် ဦးအောင်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့ ခရိုင်မန်နေဂျာက ဘဏ်ချေးငွေ အတိုးအရင်းစုစုပေါင်း(၂၃၈၇၆၉၅၂၂)ကျပ် ၃၁ပြား ရရန်အတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ် ဇူလိုင်လ (၁၅) ရက်၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၆)ရက် မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်ကျော်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ပုသိမ်ခရိုင်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/3692 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ ထီဖောင်းကျေးရွာအုပ်စုကွင်း/အကွက်အမှတ်နှင့် အမည်-၂၆၈-ခ/ကောင်ရွေးရွာ၊ ဦးပိုင်အမှတ် (F-124)၊ ဧရိယာ (၀.၂၉၄)ဧကရှိ မြေကွက်နှင့် တောင်ကြီးမြို့နယ်၊ ထီဖောင်းကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည်-၂၆၈-ခ/ကောင်ရွေးရွာ၊ ဦးပိုင်အမှတ် (F-128)၊ ဧရိယာ (၀.၁၄၇) ဧကရှိမြေကွက်၊စုစုပေါင်းမြေကွက်(၂)ကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းခမ်းဖုန်း [၁၃/တကန(နိုင်)၁၃၂၄၆၆] က (၃၀-၉-၂၀၂၁) ရက်မှစ၍ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားသည့် မြေကွက်ဥပစာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းခမ်းဖုန်း တစ်ဦးတည်းသာပိုင်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ စီမံခန့်ခွဲပိုင်ခွင့်ပေးထားခြင်းမရှိပါ။ ကျွန်ုပ်မိတ် ဆွေဖြစ်သူ ဒေါ်နန်းခမ်းဖုန်း၏ သဘောတူညီချက်၊ တရားဝင်စာရွက်စာတမ်း၊ လက်မှတ်တစ်စုံတစ်ရာ မပါရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊တစ်နည်းနည်းဖြင့် အမည်လွှဲပြောင်းခြင်းမပြုလုပ်ကြပါရန်ကြေညာအပ်ပါသည်။ ထို့ပြင် ထိုမြေကွက်ဥပစာအား ကျွန်ုပ်တို့၏ မိတ်ဆွေသိရှိခြင်းမရှိဘဲတစ်နည်းနည်းဖြင့်ပြောင်းလဲထားပါက သက်ဆိုင်ရာဌာနသို့ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ထပ်လောင်းကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းဖုန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နန်းဖစ်မွန်း (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၆၂၅/၂၀-၁၂-၂၀၁၂)**

**ဒေါ်ချမ်းညိမ်းသီတာ (LL.B.)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၆၉၀၇/၂-၅-၂၀၂၅)**

**အခန်း(၃၅) အ.လ.က(၁၁)တိုက်တန်း၊ ဘုရင့်နောင်လမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**

## ပတ်စ်ပို့ပျောက်

မကွေးမြို့၊ ရန်နိုင်(၂၈)လမ်းနေ ဦးကျော်လင်း၏သား မောင်စိုးမင်းအောင်(၈/မကန(နိုင်)၁၆၃၄၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (A-458009) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၄၀၁၅၂၇၄၀၁**

## ပျောက်ဆုံးကြောင်း

မောင်ရဲထွဋ် ၁၂/ဒလန(နိုင်) ၀၇၇၄၉၅၏ All in one စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၈၂၅၀၉၂**

## ပျောက်ဆုံးကြောင်း

မောင်မင်းကုဋ္ဌေအောင်(ဘ) ဦးမြတ်ဇော်ဦး ၁၂/ဥကမ(နိုင်) ၂၂၇၃၃၉၏ Passport နံပါတ် မမှတ်မိမှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၅၂၁၈၃၈**

## မွေးသက္ကရာဇ်အမှန်

ဦးကိုကိုအောင် ၁၃/တကန(နိုင်) ၁၄၃၄၁၁၏သား ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ SMEC ကိုယ်ပိုင်အထက်တန်းကျောင်း ပဉ္စမတန်းမှ မောင်သုကိုကို၏ မွေးသက္ကရာဇ်အမှန်မှာ (၃၁-၁၀-၂၀၁၄)ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၅၈-က)၊ မြေဧရိယာ(၀၁သမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်ခိုင် ၁၃/နမတ(နိုင်)၀၂၆၃၅၁ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့် စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/6416 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**(ရွှာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/8170 Mu Hipurpose Vehicle (K2L-10) Micro Bus ယာဉ်လက်ဝယ်ရှိသူ ဦးအေးကိုကို ၅/မရန(နိုင်)၁၃၈၄၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅ ၊ နည်းဥပဒေ -၂၀)
## သဲကုန်းမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

မစန်းစန်းမူ (တရားလို) နှင့် ကိုသက်နိုင်ထွန်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ အမှတ် ၁၄/၆၊ နဝဒေးအိမ်ရာနေ ကိုသက်နိုင်ထွန်း(ဘ) ဦးခင်မောင်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို မစန်းစန်းမူက“ လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပေးစေလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁) ရက်၊ (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း(၈)ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စာလှယ်ရှေ့နေလက်ထဲတွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင် လ (၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( ကျော်ထွဋ် )
ဒုတိယမြို့နယ်တရားသူကြီး(၁)
သဲကုန်းမြို့နယ်တရားရုံး

## အမည်မှန်

ဦးသက်မျိုးဦး ၁၀/သထန(နိုင်) ၁၆၂၆၇၂၏သား သထုံမြို့နယ်၊ အထက(၄) Grade-5မှ မောင်ထက်ဇော်ကြူ၏ အမည်မှန်မှာ မောင်ထက်ဇော်ဟိန်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ မေမြို့ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 တွင် ပညာသင်ကြားနေသော မောင်ထက်အောင်လင်း၏ ဖခင်အမည်မှန်မှာ ဦးနေမင်းဦး ၉/မမန(နိုင်) ၀၇၉၁၄၆ ဖြစ်ပါကြောင်း။

**ဦးနေမင်းဦး**

## မိဘအမည်မှန်

ဟုမ္မလင်းမြို့၊ အထက မိုဝိုင်လွတ်ကျောင်းမှ မောင်ငနိဗွန်း G-10 ၏ မိဘအမည် မှန်မှာ ဦးကရိုးပေ့ါ ၅/ လရန(နိုင်) ၀၀၃၆၉၉ နှင့် ဒေါ်နီရိသေး ၅/လရန(နိုင်)၀၀၃၆၈၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဟုမ္မလင်းမြို့၊ အမက နှောင်ပကျစ်တောင်ပေါ်ကျောင်းမှ မောင်ကြယ်စင်သွေး G-2 အား မောင်ဘုဏ်းသွေးခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

